
စိတ်ကူးချိုချိုအနုပညာ

# စစ်ကိုင်းဦးဘိုးသင်း

# အောင်တော်မူ

ဝတ္ထုကြီး




ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

စစ်ကိုင်းဦးဘိုးသင်း

# အောင်တော်မူ

ဝတ္ထုကြီး



ISBN 9789997116390
ANB128
9 789997 116390
3,200.00KS

mgyoe.com

အောင်တော်မူဝတ္ထုကြီး၊ စစ်ကိုင်းဦးဘိုးသင်း
မျက်နှာဖုံးပန်းချီ - သန့်ဇော်သစ်
စာမျက်နှာ ၂၈၁ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၉ စန္ဒာဝင်းစာပေ၏ ပထမအကြိမ်မှူ

ရောင်းဈေး ၃၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## အခန်း - ၁

ဆီးနှင်းတို့သည် ဟေမန္တဥတုသို့ ကူးပြောင်းစဖြစ်သဖြင့် ရှစ်ခွင်၌ ပိတ်ဆိုင်းကာရှိလေ၏။ နှင်းပေါက်တို့သည်လည်း မခြောက်သေးသော မြက်ခင်းများအပေါ်၌ ပုလဲဥကလေးများကဲ့သို့သာ ကျန်ကာရှိလေ၏။ ထို့ကြောင့် ရှုခင်းနှင့် သွားလာခင်းကား ကျက်သရေရှိသလိုလို ဖြစ်တော့၏။

ထိုသို့သောအခင်းတွင် လူတစ်ယောက်သည် အလွန်သန္ဓေကောင်းသော မြင်းအုန်းခွံစီး၍ တိတ်ဆိတ်စွာ တောလမ်းခရီး၌ သွားနေလေ၏။

ထိုသူသည် နေအတန်မြင့်သောအခါ ရွာမကြီးတစ်ရွာအတွင်းသို့ မြင်းကို လမ်းထိုးစီးကာ ဣန္ဒြေရရနှင့် ဝင်သွားလေ၏။ ရွာသူရွာသားတို့ကား သင့်တင့်ရာတို့၌ နေပူစာလှုံကာ ရှိနေကြလေ၏။ ထိုမြင်းစီးသွားသူသည် သူကြွယ်တစ်ဦး၏အိမ်သို့ဝင်၍ အိမ်ရှင်နှင့် ဤသို့တွေ့နေကြလေ၏။

"အမောင် ... ဘာကိစ္စ ..."

mgyoe.com

mgyoe.com


"ကျွန်တော့်မြင်းကို ကုန်းနှိုးတန်ဆာပလာနှင့်တကွ ရောင်းချင်လို့ပါ"

"သည်မြင်းကိုလား ..."

"ဟုတ်ပါတယ်ခင်ဗျာ"

"မင့် မြင်း စုတ်စုတ်ပဲ့ပဲ့ နံ့တိနံ့တာကို ဘာလုပ်ဖို့လဲ ..."

ထိုသူသည် ထောင်းခနဲစိတ်ထွက်လာ၏။ ၎င်း၏မြင်းသည် အလွန်ဖွံ့ကောင်း၍ အလွန်စိတ်ကောင်း၏။ သခင်မှန်းသိ၏။ သခင်ကို ချစ်၏။ သခင့်အကျိုးကိုဆောင်၏။ ရဲရင့်၏။ အစွမ်းရှိ၏။ ဤသူကြွယ်သည် ဤသို့သောမြင်းကို အဘယ်ကြောင့် ရှုတ်ချ၍ ဤသို့ပြောရာသလဲ၊ ငွေ့ရှင်ဝါဒနှင့် စဉ်းလဲပြီးသော် စီးစီးနင်းနင်းပြောလေသလော၊ ငါသည် ငါ၏ သွေးစည်းရဲဘက်၏အကျိုးငှာသာ ရောင်းသည်။ ငါ့မြင်းကို ငါနှမြောပါသည်။ ငါ့သွေးစည်း၊ ငါ့မြင်းအကျိုးကို လိုသော် သည်းခံလော့ဟု ထိုသူသည် ၎င်း၏စိတ်ကိုချုပ်တည်းကာ ဤသို့ပြောလေ၏။

"ကျွန်တော့်မြင်းကို စီးဖို့ပါပဲခင်ဗျား၊ အသွားအင်မတန်ကောင်းပါတယ်"

ထိုသို့သည်တွင် သူကြွယ့်သမီးနုနုသည် နေပူစာလှုံ့ရင်းရပ်ကာကြည့်နေ၏။ သူကြွယ်ကြီးသည် ငွေသံဖြင့် ဤသို့ပြော၏။

"မင်းမြင်းကို ငါ့အိမ်မှာစီးဖို့ လူမရှိ"

"ဟုတ်ပါတယ် ...၊ ခုတော့ သည်မြင်းဟာ ကျွန်တော့်မြင်းပါပဲ၊ ဘတော်က ဝယ်လိုက်လျှင် ဘတော်မြင်းပါပဲ"

"အေး ... ငါ့မြင်းဖြစ်ပေမင့် ငါ့အိမ်မှာမြင်းစီးဖို့လူမရှိ"

"မတ်တတ်ရပ်ပြီး ကြည့်နေတဲ့ အစ်မဟာ ဘရဲ့သမီးမဟုတ်လား"

"ဟုတ်တယ် ..."

"သည်မြင်းဟာ ဘရဲ့မြင်းဖြစ်လာရင် ဘရဲ့သမီးစီးဖို့ပေါ့"

mgyoe.com

mgyoe.com


"ဟာ ... မင့်နှယ်"

"ဘ ... သည်လို လှပတင့်တယ် အသရေကြွယ်တဲ့မိန်းမပျို ကလေးဆိုတာ မြင်းစီးတတ်ရတယ်ခင်ဗျာ့"

"ဟဲ့ နုနု ... နင် မြင်းစီးတတ်ရဲ့လား"

"စီးတတ်ပါတယ် အဖေ"

"ဟယ် ... မိန်းမတန်မဲ့ မြင်းစီးတတ်တယ်လို့"

"မြင်းကျောင်းသမားတွေထံက မြင်းကို ခဏခဏ ကျွန်မယူပြီး စီးနေပါတယ်"

"ဒါပေ့ ... မင်းမြင်းကို ငါမဝယ်ချင်"

"ဘာကြောင့်ပါလဲခင်ဗျာ"

"မဝယ်ချင်လို့ကိုပဲ"

ထိုခဏ၌ လူတစ်ယောက်သည် ရောက်လာ၍ ရပ်တန့်ကာ...

"မိတ်ဆွေ ... ခင်ဗျာ့မြင်းကို အသပြာမည်မျှနှင့် ရောင်းမလဲ" ဟု မေး၍ ဤသို့စကားဖြစ်ပြန်၏။

"ခင်ဗျား ပေးချင်သလောက်ပဲ ပေးတော့ဗျာ"

"ဟေ့ ... ဟေ့ ... ဟေ့ ... ဒါဖြင့် မင့်မြင်းကို ငါဝယ်မယ်၊ မင်း ငါနှင့်အရောင်းအဝယ် ရှေးဦးစွာဆိုင်မိတယ်"

"ဘထံမှာ မြင်းစီးမယ့်သူမရှိ၊ မြင်းဆိုတာ သမီးရတနာလိုပဲ ကုန်းနှင့်ကျောနှင့် ဆယ့်ငါးရက်ခန့်ကွာနေရင် ပျက်တတ်တယ်"

"ရှင် ... ဘယ့်နှာလဲ၊ မြင်းနှင့် သမီးရတနာနှင့် ဘာဆိုင်သလဲ"

"ဆိုင်တော့မဆိုင်ပါဘူး၊ ဒါပေ့ ... ဥပမာတင်စားပြီး ပြောတာပါ"

"ဘာကို ရှင်တင်စားပြီးပြောသလဲ"

"သမီးရတနာဆိုတာ ... အလုပ်နှင့်လက်နှင့် တစ်ရက်မရှိတရှိ လောက် ကင်းကွာနေရင် ပျက်သလို မြင်းဟာလည်း ကုန်းနှီးနှင့် ဆယ့်

mgyoe.com

mgyoe.com


ငါးရက်လောက် ကင်းကွာပါက ပျက်တတ်တဲ့အကြောင်းကို ပြောဆိုတာပါ ခင်ဗျာ"

"ကျွန်မဟာ သူကြွယ့်သမီး ပီပီသသကြီး ဘာကိုမှမလုပ်၊ အေးအေး ဇိမ်နှင့်နေတာပဲ၊ ကျွန်မဟာ ပျက်သလား"

"အစ်မဟာ သမီးရတနာလား၊ သမီးရတနာကိုသာ ကျွန်တော်ပြောတာ"

"ရှင် ဘယ့်နှာလဲ"

"အစ်မဟာ သမီးရတနာလား"

"သမီးရတနာဆိုတာ ဘယ်လိုလဲ ...၊ ဘယ်လိုသမီးကိုခေါ်သလဲ"

"အစ်မ၊ ရတနာဆိုတာ နှစ်သက်ဖွယ်၊ သို့မဟုတ် နှစ်သက်စရာကို ခေါ်တယ်၊ ဒါကြောင့် သမီးရတနာဆိုတာဟာ သမီးနှစ်သက်စရာကို ခေါ်တယ်"

"ဒါကို ကျွန်မ ဘယ်သိမလဲ"

"ဟေးလူ ... ငါ့သမီးကို ငါနှစ်သက်တာပေါ့၊ ဒါကြောင့် ... ငါ့သမီးဟာ သမီးနှစ်သက်စရာ"

"သူကြွယ်ကြီး၊ ကိုယ့်သမီးကို ကိုယ်နှစ်သက်မယ်၊ ချစ်ခင်မယ်ပေါ့၊ ကိုယ့်သမီးကို ကိုယ်မနှစ်သက်ဘူး၊ မချစ်ခင်ဘူးဆိုရင် တိရစ္ဆာန်ဖြစ်သွားမှာပေါ့"

"မင်း ... တော်တော့်ကို ရှုပ်ထွေးပွေလီတဲ့စကားကို ပြောတယ်"

"ဒါဖြင့် ... ကျွန်တော့်မြင်း အရောင်းအချမှာ ... ဘလာပြီးကြားမဝင်ပါနှင့်"

"မင်း ငါ့ထံမှာ ရှေးဦးစွာလာပြီး မင့်မြင်းကို ရောင်းတယ်"

"ဘက မဝယ်ချင်ဘူးဆို"

"အေး... တွေ့စတော့ ငါမဝယ်ချင်ဘူးဆိုတယ်၊ ခုတော့ သူများ

mgyoe.com

mgyoe.com



ဝယ်မှာမို့ ငါဝယ်ချင်တယ်၊ မင်း သူကြွယ်ဆိုတဲ့စကားကို နားလည် သလား၊ ငါဟာ သူကြွယ်၊ သူကြွယ်မှ သူကြွယ်ကြီး"

"သူကြွယ်ဆိုတာ ဘာပါလဲခင်ဗျာ"

"သူကရဝယ်၊ သူကြွယ်သိရဲ့လား"

"ဘက မဝယ်ချင်ဘူးလို့ ဘာကြောင့်ပြောပါသလဲ"

"ငါလိုသလောက်နှင့် ရမယ်မထင်လို့ ငါမဝယ်ချင်ဘူးလို့ဆို တယ်၊ ခုတော့ မင်းက မောင်သာစီးအား ပေးချင်သလောက်ပဲပေးတော့ ဆိုတယ်၊ ငါလည်း ပေးချင်သလောက်ပေးပြီး မင့်ထံကဝယ်မှာပေါ့"

"နေပါဦး ...၊ အကြင်စကားကို ဘထံမှာ ကျွန်တော်မပြော၊ ထိုစကားကို ဟိုလူကိုသာစီးထံမှာသာ ကျွန်တော်ပြောပါတယ်"

"မင်းပြောတဲ့စကားကို ငါလည်းကြားရလို့ ငါ့ထံမှာလည်း ပြော တာဖြစ်ရမယ်"

"ဘ ... အတော် ဆိုင်ငေါတည့်ပါလား"

"ဒါဟာ သဘာဝ"

"ကောင်းပြီဗျာ ... ဘက ဘရဲ့သမီးကို ညည်း သူ့နောက်လိုက် သွားလို့ လူတစ်ယောက်နှင့် ပြောနေတယ်၊ သည်စကားကို ကျွန်တော် လည်းကြားတယ်၊ ဒါနှင့် ကျွန်တော်က ဘသမီးကို လာလာလေလိုက်ခဲ့ တော့လို့ ဆွဲခေါ်ရင်ဖြစ်ပါ့မလား၊ သဘာဝဆိုက်ပါ့မလား"

"ဟော့ ... ဒါနှင့်ဘာဆိုင်သလဲ"

"ဆိုင်တာပေါ့၊ ကျွန်တော်လည်း ဘစကားကို ကြားရတာပဲ"

"မင်း... တော်တော်ဖျင်းတဲ့ လူညံ့စား၊ သူ့နောက်လိုက်ဖို့ကို ပြောတာ၊ မင်းနောက်လိုက်ဖို့မပြောဘူး"

"သူ...၊ သူ့ဆိုတဲ့စကားဟာ နာမည်စွဲပုဂ္ဂိုလ်ကို မပြောလို့ ကျွန်တော်နှင့်လည်းဆိုင်တယ်"

mgyoe.com

mgyoe.com


"နေပါဦး ... ရှင် မြင်းရောင်းမြင်းဝယ်စကားပြောရမှာ ဘာတွေကို ရောက်သွားပါသလဲ"

"ကိုင်းဗျာ ... စကားရှုပ်တယ်၊ ကိုသာစီး ခင်ဗျား ... ကျွန်တော့် မြင်းကို ဘယ်လောက်ပေးမလဲ"

"ဟော့ သူပေးသလောက် ငါပေးမယ်"

"ခင်ဗျားမြင်းကို ကျွန်တော် အသပြာသုံးထောင်ပေးမယ်"

"ကိုင်း ... ဘယ့်နှယ် ဘာ"

"မောင်သာစီး၊ မင်း တော်တော့်ကို မိုက်ကန်းတဲ့လူ"

"သူကြွယ်ကြီး ကျွန်တော် အင်မတန့်ကို လိမ္မာပြီးမြင်တဲ့လူပါ"

"ကိုင်းဗျာ ... ခင်ဗျားတို့ အတော်ရှုပ်တယ် ...၊ ကျွန်တော်လည်း ကျွန်တော့်မြင်း၊ သွေးစည်းရဲဘက်ကို မရောင်းတော့ပါဘူး ... သွားပါ တော့မယ်"

"ရှင့်၊ ရှင့် နေဦး"

"ဆိုဗျာ အစ်မ"

"ရှင့်မြင်းကို ကျွန်မစီးကြည့်ပါရစေ"

"ဟာ... အစ်မက ကျွန်တော့်မြင်းကိုတော်ရာ၊ ရောက်ရာ၊ ပေါက် ရာစီးသွားရင် ဘယ့်နှယ်လုပ်မလဲ"

"အဲသည်လို ကျွန်မကစီးသွားရင် ရှင် ကျွန်မကိုယူတော့"

"ဟင် ... ဘယ့်နှယ်၊ အစ်မက မြင်းကို ရောက်ရာပေါက်ရာစီးယူ သွားပြီးမှ ကျွန်မကိုယူတော့ဆိုပေမဲ့ အစ်မကိုကျွန်တော် ဘယ်မှာလိုက် ရှာရမလဲ"

"ရှင် မရှာနိုင်ရင် ... ရှင် လူညံ့လူအပေါ့"

"ဘယ့်နှယ်..."

"ကျွန်မဟာ မိန်းမပျက်မကလေးမှမဟုတ်ဘဲ။ ရှင်ရှာနိုင်ရမပေါ့"

mgyoe.com

mgyoe.com


"အစ်မ ... ဘယ်လိုစကားကိုဆိုသလဲ"

"ကျွန်မဟာ အလုပ်မလုပ်ဘဲ ဇိမ်နှင့်စည်းစိမ်ယစ်ကာ နေပေမင့် ကျွန်မကို နှစ်သက်သူမရှိလို့ အပျိုစစ်ဖြစ်နေတာကြောင့် ကျွန်မ မိန်းမ ပျက်မဟုတ်ပါ၊ ရှင်ရှာနိုင်ရမယ်၊ ရှင်က သမီးရတနာဆိုတာ အလုပ်နှင့် လက်နှင့် တစ်ရက် မရှိတရှိလောက် ကင်းကွာနေရင် ပျက်တယ်ဆိုတယ်၊ ကျွန်မကို နှစ်သက်သူမရှိလို့ သမီးရတနာမဟုတ်၊ ဒါကြောင့် ကျွန်မ မိန်းမတည်ကလေးပါ"

"အစ်မကို နှစ်သက်သူမရှိဘူးလို့ အစ်မ အတပ်ပြောနိုင်သလား"

"ကျွန်မကို နှစ်သက်သူရှိခဲ့ရင် ကျွန်မ ဗီဇနာမဆိုင်းဘူး လိုက်သွားမှာပေါ့၊ သို့မဟုတ် ခေါ်ထားမှာပေါ့ ...။ ဘာလဲ ... ခိုင်းဖို့တောင် ကျွန်ဝယ်ရသေး တာပဲ၊ ရှင်ကျွန်မကို နှစ်သက်သလား ..."

"အစ်မ ကျွန်တော့်မြင်းကိုသာ အဆုံးခံတန်ခံရမယ်၊ လူကိုတော့ အဆုံးမခံနိုင်ပါ"

"ဘာလဲ... ရှင်ဟာ အင်မတန်အဖိုးတန်နေတဲ့ ယောကျ်ားကြောင့် လား"

"နေပါဦးဗျာ... သည်ကနေ့ဟာ ဘယ်လိုနေ့ပါလိမ့်မလဲ ... အစပ် ကိုမတည့်ဘူး၊ ဘနှင့် သည်ကမိတ်ဆွေအား ဘယ်သူ့အား သည်မြင်းကို ရောင်းရမလဲလို့ ဗေဒင်သွားမေးပါဦးမယ်"

"ရှင်ပြန်မလာရင်ကော ..."

"ခင်ဗျားခမည်းတော်က ကိုသာစီးလောက် မြင်းဖိုးပေးမလား"

"ရှင်က ဘယ်လောက်နှင့် ရောင်းမလဲ ..."

ထိုခဏ၌ "ရေမုန့်ရှင် ..." ဟု ရေမုန့်သည်ကလေးသည် ရေမုန့် လှည့်လည်ကာရောင်း၍ မြင်းနှင့် ရောက်လာသူသည် ရေမုန့်သည်ကို ခေါ်ပြီးသော် ရေမုန့်ဝယ်စား၏။ သူကြွယ်ကြီးတို့ သားအဖနှင့် ကိုသာစီး

mgyoe.com

mgyoe.com


အားလည်း ကျွေး၏။ စားပြီးကြသောအခါ မြင်းရှင်က လုံမငယ် မုန့်ဖိုး ဘယ်လောက်ကျသလဲဟု မေး၏။ မုန့်သည်မကလေးက တစ်မတ်နှင့် လေးရွေးကျပါတယ်ဟု ပြော၏။ မြင်းရှင်လည်း လုံမငယ် ... အစ်ကို့ မျက်နှာကိုကြည့်ပြီး ပြောပါဟု ဆို၏။

ရေမုန့်သည်လည်း ကျွန်မအလိုရှမ္ဘက် နိုင်ငံလိုက်ပြီး ပိုမပြောပါဟု ဆို၏။

ထိုအခါ မြင်းရှင်သည် ရေမုန့်သည်အား အသပြာတစ်ကျပ်ထုတ်ပေး၏။ နုနုလည်း ဘယ်သို့သော နုနုလဲ ...၊ ရေမုန့်သည်အား သူပေးတဲ့ အသပြာကိုမယူနှင့် အေ့ ... ရော့ ... ဆိုကာ အသပြာနှစ်ကျပ်ထုတ်ပေး၏။ ရေမုန့်သည်ကား အမ်းနေ၏။

မြင်းရှင်လည်း ရော့ ရော့ အသပြာသုံးကျပ်ယူသွား ...၊ မယူနှင့် အေ့ ... ရော့ ... ငါ့ထံက အသပြာလေးကျပ်ယူသွား ... ငါဟာ ဇိမ်ယစ် ပြီးအစ်နေတဲ့ သူကြွယ်သမီး ... ဟု နုနုသည် ဆိုတော့၏။

ရေမုန့်သည်ကလေးကား မြင်းရှင်ထံမှ အသပြာတစ်ကျပ်ကိုယူ၍ သုတ်ခြေတင်ကာ သွားလေတော့၏။

နုနုကား ... မတတ်နိုင်တော့ဘဲ ငေးကာနေလိုက်ရပြီးသော် ဤသို့ ဆိုလေ၏။

"ရှင်ဟာ ... ဘယ့်နှာလဲ"

"အစ်မဟာကော ဘာလဲ"

"ကျွန်မဟာကို ကျွန်မ ဘာသိမလဲ"

"အစ်မက ဘာပြောသလဲ"

"ရှင်ဘာကိုမေးသလဲ"

"ခက်ပြီ ..."

"လွယ်ပါတယ် ..."

mgyoe.com

mgyoe.com


"အစ်မနှင့် ကျွန်တော်ဟာ စကားပြောလို့ကို အစပ်မတည့်ဘူး"

"တည့်အောင်ပြောပါလား ..."

"ကနေ့ ဆိုင်းငံ့ဦးဗျာ ...၊ နက်ဖြန်နေ့လယ်မှ ကျွန်တော်လာဦးမယ်၊ ကိုသာစီးလည်း သည်အစ်မအိမ်ကပဲ ဆိုင်းငံ့နေပါ"

"ဘယ့်နှယ် ..."

"မြင်းဝယ်မယ့်သူက နှစ်ယောက်ဖြစ်နေလို့"

"ဒါဖြင့် ... ရှင့်မြင်းကို ကျွန်မထံမှာထားခဲ့ပါ"

"ကိုသာစီးကကော ..."

"သည်မြင်းကို ကျွန်တော့်ထံထားခဲ့ပါ"

"မင်းဟာ အတော်နှောင့်ယှက်တဲ့လူ ..."

"သူကြွယ်ကြီးဟာ အတော်ကို သမာသမတ်ရှိတဲ့သူပါ ...၊ ကိုင်းဗျာ ... နက်ဖြန်မှပဲ မြင်းအရောင်းအဝယ်တည့်တာပေါ့ ..."

"ကိုင်း... သွေးစည်းရဲဘက်လာ..." ဆိုကာ မြင်းရှင်သည် သူကြွယ်ထံမှထွက်သွားရာ ၎င်း၏မြင်းသည် မိမိ၏သခင်နောက်က လူ့စကားကို နားလည်ဘိသကဲ့သို့ ပါသွားလေ၏။

မြင်းနှင့်လူသည် ရွာစိုးအိမ်သို့ဝင်၍ ကျွန်တော့်မြင်းကို ခဏအပ်ထားခဲ့ပါရစေ၊ နက်ဖြန်သည်အချိန်မှာ လာယူပါမည်ဟု ပြောပြီးလျှင် အသပြာသုံးကျပ် ပေးထားခဲ့လေ၏။

ထိုလူသည် ရွာစိုး၏အိမ်မှ ထွက်သွား၏။ ထိုရွာ၏အမည်ကို ထိုသူသည် သိဟန်မတူ၊ ဆန်းပြားသော လူတစ်ယောက်ဟုလည်း ယူဆဖွယ်ရှိ၏။ ထိုရွာကား ... ရွာမကြီးဖြစ်၏။ မနီးမဝေး အနားပတ်လည် ရွာနီးချုပ်စပ်တို့ကား အလွန်သေးသိမ်သော ရွာကလေးများဖြစ်ကြ၏။

ထိုလူသည် ရွာအပြင်ရှိ အစားအသောက် ဆိုင်ကြီးသို့ဝင်၍ နံနက်စာကိုစား၏။ ထိုဆိုင်၌လည်း လမ်းသွားလမ်းလာ ဧည့်သည်တို့

mgyoe.com

mgyoe.com


သည်လည်း ဝင်ရောက်စားကြ၍ အတော်ပင် စည်ပင်သည်ဟု ယူဆစရာဖြစ်၏။ ဆိုင်ရှင်သည်ကား ... သဘောတရားကို နားလည်၍ မှန်ကန်သောသူတစ်ယောက်ဟု ယူဆဖွယ်ဖြစ်နေ၏။

ထိုသူသည် ထမင်းစားပြီးသောအခါ အသပြာတစ်ကျပ်ထုတ်ပေး၏။ ဆိုင်ရှင်ကား ကြေးပြားငါးဆယ်ပြန်အမ်း၏။ ထိုအခါ ထိုသူသည် "ကျွန်တော့်အားမအမ်းပါနှင့်တော့၊ အစ်ကို့ထမင်းပွဲသည် အသပြာတစ်ကျပ်ထက်ပင်ပို၍ တန်သည်ဟု ကျွန်တော်ယူဆပါသည်" ဆိုကာ ပြန်အမ်းသောကြေးစကို လက်မခံဘဲ ထိုဆိုင်ထဲမှထွက်သွားလေ၏။

ထိုသူသည် ရွာနှင့် တစ်ဂါဝုတ်ခန့်ဝေးသော တောစပ်ရှိ ပရိဗိုဇ် သီတင်းသုံးရာ ရိပ်သာခ်မ်းသို့ ရောက်သွားလေ၏။ ထိုသခ်မ်း၌ ပရိဗိုဇ်တစ်ပါးတည်းသာ သီတင်းသုံးဟန်ရှိ၏။ ထိုသူသည် ထိုသခ်မ်းအနီးတောင်မှကျသော ရေစမ်း၌ ဆွမ်းဘုဉ်းပေးနေသော ပရိဗိုဇ်ထံသို့သွားရောက်ကာ ဝတ်ချ၏။ ပရိဗိုဇ် ဆွမ်းဘုဉ်းပေးသည်ကိုလည်း ကြည့်ရှုအကဲခတ်၏။

ပရိဗိုဇ်သည် ဆွမ်းဘုဉ်းပေးပြီးသော် သခ်မ်းသို့ဝင်၏။ ထိုသူလည်း ပရိဗိုဇ်ထံ၌ တပည့်တော် ကုလားဖုတ်တွင် ခဏတည်းပါရစေဟုဆို၏။ ပရိဗိုဇ်လည်း "ဒကာ ... ငါ့သခ်မ်းသည် ကျယ်၏။ ကုလားဖုတ်ကား... မသန့်ရှင်း၊ ငါ့သခ်မ်းတွင်ပင်နေလော့ ..." ဟုဆို၏။

ပရိဗိုဇ်သည် ထိုသို့ အခွင့်ပြုသော်လည်း ဒကာ ... ဒကာကား မည်သူနည်း ...၊ အဘယ်က အဘယ်ကိုသွားမည်နည်း ... ဟုမမေး။ ပရိဗိုဇ်ပီသစွာ ဣန္ဒြေနှင့်တည်၏။

ထိုသူကား ယောက်ယက်ခတ်လာသော လူဖြစ်ဟန်ရှိ၍ ပရိဗိုဇ်ထံဤသို့လျှောက်၏။

"ဆရာတော်ဘုရား ...၊ ဆရာတော် ဆွမ်းဘုဉ်းပေးသည်ကို မြင်ရ

mgyoe.com

mgyoe.com


သည်မှာ ဆွမ်း ... ဆွမ်းဟင်းတို့ ညှံ့လှပါသည်ဘုရား ..."

ဒကာ... ညှံ့သည်၊ မကောင်းအကောင်းဟူသည် တင်းတိမ်ရောင့်ရဲခြင်းကို မှီ၍နေသည်။ အလိုမပြည့်ဝနိုင်သူ၌ တင်းတိမ်ရောင့်ရဲခြင်းသည် နောက်ဆုတ်ရ၏။

"အရှင်ဘုရားသည် အိမ်တိုင်း၌ ဆွမ်းမရပ်ဟန်ပါတကား"

"အင်း ... မှန်တယ် ..."

"မည်သို့သောအိမ်၌သာ ဆွမ်းရပ်ပါသလဲဘုရား"

"ဒကာ၊ ငါကား ငါ့အကျိုးငှာသာ ပရိဗိုဇ်ပြုသည်မဟုတ်၊ ဒကာဒကာမတို့၏ အကျိုးအတွက်လည်း ပရိဗိုဇ်ပြု၏။ ထို့ကြောင့် ဆိုဆုံးမမရနိုင်သောသူတို့ထံ၌ အားပေးရာရောက်မည်ကြောင့် ငါဆွမ်းမရပ်"

"အရှင်ဘုရား လောက၌ ဆိုဆုံးမ၍မရနိုင်သောသူတို့ကား မည်သူတို့ပါနည်း"

"ကိုယ့်အကျိုးစီးပွားကိုသာသိ၍ ကိုယ်ကသာ လိုချင်ခြင်း၊ သူတစ်ပါးအပေါ်၌ အောင်နိုင်လိုခြင်းတို့အတွက် စဉ်းလဲကာ ပြုကျင့်နေသောသူတို့တည်း"

"သူတစ်ပါးအပေါ်၌ အောင်နိုင်၊ အသာလိုသူတို့ကား မည်သို့ကြောင့်ပါနည်း"

"အချုပ်အားဖြင့် ထိုသူတို့သည် လောက၌ အမြတ်ကြီးစားတည်း။ လောက၌ အမြတ်ကြီးစားလိုသူကို သဘောတရား၌ နားမလည်က ဆုံးမ၍မနိုင်။ သံသရာ၌ အမြတ်ကြီးစားလိုသူကိုလည်း သဘောတရား၌ နားလည်အောင် ဆုံးမ၍မနိုင်"

ပရိဗိုဇ်၏ ထိုသို့သောစကားသည် ထိုသူ့ထံ၌ တရားဖြစ်၍ ထိုသူသည် အလွန့်အလွန် နှစ်လိုအားရခြင်းဖြစ်၏။ ပရိဗိုဇ်သည် စကားအနည်းငယ်ဆိုပြီးနောက် တိတ်တိတ်ဆိတ်ဆိတ်နှင့်ပင် သခ်မ်း၌ နေနေ

mgyoe.com

mgyoe.com


ပြီးနောက် ညနေသော် ထမင်းဆိုင်သွားရောက်၍ ထမင်းစားပြီးနောက် နံနက်စောစောကြီး ပရိုဗိုဇ်ကို ဆွမ်းကပ်ရန် ဆွမ်းမှာခဲ့၏။

ညအချိန်သော် ပရိုဗိုဇ်၏သင်္ချိုင်း၌ မီးငွေ့အလို့ငှာ ထင်းတုံးကြီးများနှင့် မီးတော့ထားလေ၏။ ထိုသင်္ချိုင်း၌ ပရိုဗိုဇ်နှင့် ထိုသူသည် မည်သို့သောစကားကိုမျှ မဆိုသဖြင့် ငြိမ်ကာရှိလေ၏။ ပိုးစုန်းကြူးတို့သည် ပရိုဗိုဇ်၏ကျောင်းဝိုင်းအတွင်း၌ လှည့်လည်ကာ ပျံဝဲမြူးထူးကာရှိကြ၏။ စီစီသာသာစာစာသော ပိုးမွှားတို့၏အသံသည် ထိုရိပ်သင်္ချိုင်းကို တူရိယာသဖွယ် ဖြစ်လေ၏။

ထိုသို့နှင့် အတန်ငယ်ညနက်သော် ကျားတစ်ကောင်သည် မီးဖိုနားသို့လာ၍ မီးငွေ့ကိုယူလေ၏။ ပရိုဗိုဇ်၏သင်္ချိုင်း၌ ငြိမ့်သည်ပြုကာနေသော ထိုသူသည်လည်း ကျားနှင့် မျက်နှာချင်းဆိုင် မီးငွေ့ကိုယူလေ၏။

ထိုသူသည် မည်သို့သောသူနည်း၊ ကျားကိုမကြောက်သလော၊ တင်းမပြည့်သောသူလော။ ကျားသည် သားစားတိရစ္ဆာန်၊ လူသားကိုလည်း စားသည်ဟု အသိတရားမရှိသလော။ အကယ်၍ ကျားသည် ၎င်းကိုကိုက်သော် ၎င်းသည် မည်ကဲ့သို့ တတ်နိုင်သတတ်လော။ အသေခံရမည်သာဖြစ်၍ သေခြင်း၌ ၎င်းသည် နားမလည်လေသလော။

ကျားနှင့်ထိုသူသည် ချမ်းအေးသောရာသီ၌ သင်္ချိုင်းတွင် မီးငွေ့ကို နှစ်ခြိုက်စွာ ယူနေကြလေသည်။ ထိုသူ၏အကြောင်းကို ဆက်၍ဖတ်ခြင်းဖြင့် သိရကောင်းအံ့။ ထိုသူနှင့် သန်းခေါင်ယံချဉ်းသောအခါ ကျားသည် ပြန်သွားလေပြီ။ ထိုသူလည်း တစ်နေရာတွင် ဝင်အိပ်လေပြီ။

နံနက်စောစောကြီးထ၍ ထိုသူသည် မိမိမှာထားသည့်အတိုင်း ထမင်းဆိုင်သို့သွားပြီးလျှင် ပရိုဗိုဇ်အတွက် ဆွမ်း ဆွမ်းဟင်းတို့ကိုယူခဲ့ပြီးသော် ပရိုဗိုဇ်အားကပ်လေ၏။ ပရိုဗိုဇ်ကား ထိုနေ့အတွက် ဆွမ်းခံငြိမ်း

mgyoe.com

mgyoe.com


၏။

ထိုသူသည် ပရိဗိုဇ်အား ဆွမ်းကပ်ပြီး၍ အကြွင်းအကျန်ကို ကြဲဖြန့်ပြီးသော် ဆေးကြောပြီးလျှင် ရွာမကြီးထဲရှိ သူကြွယ်၏အိမ်သို့ သွားလေရကား မြင်းနှင့်တကွ ရောက်လေ၏။ နုနုလည်း ထိုသူမြင်းရှင်နှင့် ထိုသို့စကားဆို၏။

"ရှင့်မြင်းကို ဘယ်သူ့အားရောင်းမလဲ"

"အစ်မ၊ ကျွန်တော် စကားတစ်ခုကို စဉ်းစားဖို့ပြောပါရစေ"

"ပြောပါ"

"ထင်းခုတ်သမားတစ်ယောက်သည် တောမှ ပတ္တမြား တစ်စေ့ကို ရခဲ့သည်။ ထိုထင်းခုတ်သမားသည် မိမိတောကရခဲ့သော ပတ္တမြားကို သစ်ပင်ရိပ်၌ အရသာတင်ကာ ကြည့်နေသည်တွင် သူတောင်းစားတစ်ယောက်သည် ရောက်လာသည်။ ထိုအချိန်တွင်ပင် ပြည့်ရှင်မင်းသည် တောကစားရာမှပြန်လာ၍ ထင်းခုတ်သမားထံသို့ ရောက်လာလေသည်။

ထိုအခါ သူတောင်းစားသည် ပတ္တမြားကို နှစ်သက်၍ အစ်ကို၊ အစ်ကို့ ပတ္တမြားကို ရောင်းပါမည်လားမေးရာ ရောင်းမည်ဟု ထင်းခုတ်သမားသည် ဆိုလေ၏။ သူတောင်းစားလည်း ရောင်းသော် အသပြာမည်မျှနှင့် ရောင်းပါမည်လဲဟုမေး၏။

ထင်းခုတ်သမားလည်း သူတောင်းစားအား ထိုပတ္တမြား၏ တန်ဖိုးကိုချင့်၍ ပေးနိုင်သတတ်ကို ပြောပါလော့ဟုဆို၏။ သူတောင်းစားလည်း ဆန်သုံးပြည် ပေးမည်ဟုဆို၏။ ထိုအခါ အနီးတွင်ရပ်ကြည့်နေသောမင်းကြီးက ထိုပတ္တမြားကို နှစ်သက်သဖြင့် အချင်း ငါ့အားရောင်းလော့၊ ငါသည် ပြည့်ရှင်မင်းကြီးတည်း။ သင့်ပတ္တမြားတစ်စေ့ကို ငါရွာသုံးရွာပေးပါအံ့ဟု ပြောလေ၏။

ပတ္တမြား၏တန်ဖိုးသည် မည်သည်၌ တည်ပါသနည်း။ သူ

mgyoe.com

mgyoe.com

တောင်းစားသည် သူပေးနိုင်ခြင်း၌ ပတ္တမြားဏ်တန်ဖိုးကို ဖြစ်စေသည်။ ပြည့်ရှင်မင်းသည်ကား ထိုက်တန်သင့်သည်ကို သိ၍ ပတ္တမြားဏ်တန်ဖိုးကို တင့်လျောက်ပတ်ခြင်းဖြစ်စေသည်။

"အဲသည်လိုပဲ သဘောရှိ အမိန့်ရှိကြဗျာ"

"ကိုသာစီး၊ သည်မြင်းကို ဘယ်လောက်ပေးမလဲ"

"အသပြာတစ်သောင်းပေးမယ်"

"ဟာ ... မောင်သာစီးရယ်၊ သည်မြင်းဟာ အသပြာတစ်သောင်းတောင်တန်ပါ့မလား"

"သူကြွယ်ကြီး၊ ကျွန်တော်က တန်နေတာဗျ"

"ဘယ့်နှယ် ဘာ၊ သူကြွယ်ကြီး၊ သူကြွယ်ကြီးက ဘယ်လောက်ပေးနိုင်သလဲ"

"မောင်သာစီးကြောင့် ခက်နေတယ်"

"ဘာ ... ဘယ့်နှယ် မောင်သာစီးကြောင့် ခက်ရမလဲ၊ မြင်းက ကျွန်တော့်မြင်းပါကလား၊ ဘာ ပေးနိုင်တာကိုပြောပါ"

"ကွာခြားလွန်းအားကြီးနေပါတယ်"

"ဘာ သူကြွယ်ကြီး ပေးနိုင်တာကိုသာ ပြောပါ"

"ကျုပ်ကတော့ အသပြာတစ်ဆယ်သာ ပေးနိုင်တာပဲ"

"ကောင်းပါပြီ၊ ဒါဖြင့် ရာဖြတ်သဘောနှင့် ရေမုန့်သည်မကလေးကိုပင့်ပြီး ဆုံးဖြတ်စေရမှာပဲ"

မြင်းရှင်သည် ရေမုန့်သည်မကလေးကို မုန့်ဆိုင်၌ သွားရောက်ကာ ခေါ်ယူစေ၍ ရေမုန့်သည်မအား ရာပြတ်ခ အသပြာတစ်ဆယ်ပေးပြီးသော် မြင်း၏အဖိုးကို ဆုံးဖြတ်ပေးပါဟု တောင်းပန်၏။ ထိုအခါရေမုန့်သည်မသည် ဤသို့ဆုံးဖြတ်လေ၏။

"မြင်းသည် တိရစ္ဆာန်၊ တိရစ္ဆာန်သည် မိမိက အသာနှင့် အောင်

mgyoe.com

mgyoe.com



နိုင်ခြင်းကို လိုသော်လည်း အမြတ်ကြီးမစား။ ထို့ကြောင့် သူ၏ တန်ရာတန်ဖိုးကို သူသိသည်။ ကိုင်း အမောင်၊ အမောင့်ကို အမောင့်ရဲဘက်က ခွဲခွာလိုသည့်သဘောနှင့် ရောင်းတော့မည်။ အမောင့်တန်ရာတန်ဖိုးကို အမောင်ဆုံးဖြတ်လော့”ဟု ကျောကိုပွတ်ကာ ပြောလေရာ မြင်းသည် လူ့စကားကို နားလည်ဘိသကဲ့သို့ ဟီဟီဟီဟု အသံပြုကာ ခါပြီးလျှင် ထိုလူများအလယ်မှ ထွက်ခွာသွားလေ၏။

ထိုအခါ နုနုသည် ညှိုတိုတီမျက်နှာနှင့် ဤသို့မေးလေ၏။

“ရှင်… အခု ဘယ်မှာတည်းသလဲ”

“ရောက်ရားပဲ”

“ခု ရှင့်မြင်းဟာ ရှင့်ကိုစိတ်နာပြီး ပြန်သွားပြီ၊ ရှင်ဘာနှင့် ခရီးဆက်သွားမလဲ”

“အစ်မ … မြင်းရဲ့စကားကို နားလည်သလား”

“မြင်းဟာ စကားပြောတတ်သလား”

“ဒါဖြင့် ကျွန်တော့်မြင်းဟာ ကျွန်တော့်ကိုစိတ်နာပြီး ပြန်သွားတယ်လို့ ဘာကြောင့်ပြောနိုင်သလဲ”

“ရှင့်မြင်းက ပြန်သွားလို့”

“ကျွန်တော့်မြင်းက ကျွန်တော့်ကိုစိတ်မနာ၊ ဤအချိန်ကစ၍ အောင်တော်မူပြီ၊ ဆက်ပြီး ‘အောင်တော်မူ’ဟု မှာထားပြီးသော် ပြန်သွားလေသည်”

“ရှင့်မြင်းရဲ့စကားကို နားလည်သလား”

“ကျွန်တော် မြင်းရှင်ပါပဲ။ မြင်းရဲ့စကားကို နားမလည်ရင် မြင်းဟာ ငတ်မှာပေါ့၊ ညကျတော့ ဇောင်းထဲက ဆာပြီဆိုရင် တောင်းတာပဲ”

“ရှင့်မြင်းက အောင်တော်မူပြီဆိုတာ ဘာအောင်သလဲ”

“ဟာ သည်လိုလား”

mgyoe.com

mgyoe.com


"ဟုတ်ပါတယ်ရှင်"

"အားနာတယ်ဗျာ"

"နာစရာမရှိပါဘူးရှင်"

"သည်ရွာကြီးဟာ အကျော်ပေါ့၊ အင်မတန်ကျော်ကြားတာပါ။ ဒါကြောင့် ကျွန်တော် မြင်းရောင်းလာတာ"

"ဆန်းဆန်းကြယ်ကြယ်၊ ပြောစမ်းပါရှင်"

"သည်ရွာကြီးထဲမှာ လူတစ်ယောက်ဟာ အင်မတန် ငွေတိုးယူတယ်။ အတိုးကြီးကြီးယူတယ်။ သီးနှံပေါ်ပေး ငွေတိုးကြီးစွာယူတယ်။ အဲသည်လိုယူပြီး ငွေရင်းငွေတိုး မပေးနိုင်တဲ့သူများထံမှ မြေများ၊ နေအိမ်များကို သိမ်းတယ်။ ပြီးတော့ သူတစ်ပါးထံမှဝယ်သော် ဈေးနှိမ်နိုင်သမျှ နှိမ်ပြီးဝယ်၊ ရောင်းတော့ ဈေးကြီးနိုင်သမျှ ဈေးကြီးပြီးရောင်း။ ပြီးတော့ ကုန်လှောင်၊ အမြတ်ကြီးကြီးနှင့်ရောင်း။ အဲသည်လိုနှင့် ချမ်းသာကြွယ်ဝ ကောင်းစားပြီးနေတယ်။ အဲသည်အတွက် သည်ရွာကြီးဟာ အင်မတန် ထင်ရှားပြီး လူမွဲပေါတယ်လို့ ဂယက်ရိုက်နေတယ်။"

"ရှင့် ဒါကို ဘယ်သူပြောတာလဲ"

"နောက်တော့ ပြောတဲ့လူကို ကျွန်တော်က ပြောပြပါ့မယ်"

"ကောင်းပါပြီ"

"ပြီးတော့ လူတစ်ယောက်ကတော့ ထိုသူနှင့် ဆန့်ကျင်ဘက်ပေါ်လာတယ်။ သည်လိုလူကြောင့် တို့ရွာကြီးနှင့်တကွ ရွာနီးချုပ်စပ်ဟာ အင်မတန်ဆင်းရဲလာတယ်၊ မြေယာလက်မဲ့တွေ များလာတယ်ဆိုပြီး လူထုအကျိုးကို လိုလားတဲ့သည်သူဟာ ခုတွင်က ပြောတဲ့လူနှင့် တိုက်တယ်"

"ပြောစမ်းပါဦး"

"ဘယ်လိုတိုက်သလဲဆိုရင် သူငွေတိုးမယူဘဲနှင့် ငွေချေးတယ်။

mgyoe.com

mgyoe.com


ပြန်ဆပ်နိုင်တဲ့အခါ ဆပ်နိုင်သလောက်ဆပ်၊ မဆပ်နိုင်နေဦး။ သို့သော် မြေထွက်အသီးအနှံ၊ ရက်ကန်း စတဲ့ လက်မှုပညာသည်များတို့ကို တင်ကြိုဝယ်တယ်။ ဒါလည်း ရောင်းသူများ လိုတဲ့ဈေးကိုပေးတယ်။ သည်သူဟာ သူကဝယ်တော့ ဈေးကြီးပေးဝယ်ပြီး၊ ရောင်းတော့ ဈေးချိုနိုင်သမျှ ဈေးချိုရောင်းတယ်။ အဲသည်တော့ ကုန်တွေဟာ သူ့ထံကိုချည်း အရောက်များလို့ သူဟာ ခုတင်က ပြောခဲ့တဲ့အမြတ်ကြီးစားကို သေသေချာချာကြီး တိုက်နေနိုင်တယ်။

အဲသည်လိုတိုက်နေလို့ သည်ရွာမကြီးနှင့် ရွာနီးချုပ်စပ်က လူများဟာ နာလန်ထူလာပြီး လူမွေးပေါက်လာနိုင်ကြတယ်"

"ရှင့် ဒါတွေကို ဘယ်သူကပြောတာလဲ"

"သူကြွယ့်သမီးနုနုက ပြောပြပါတယ် ခင်ဗျား"

"အလိုလေးရှင်… ဘုရားတရား၊ ရှင့်ကို ကျွန်မမသိ၊ ကျွန်မကိုလည်း ရှင်မသိ၊ ယခုမှ နဖူးတွေ့၊ ဒူးတွေ့ တွေ့ကြ"

"ဟာ … အစ်မ မျက်စိချင်းတွေ့တယ်ဆို တော်သေး၊ ဟုတ်နိုင်သေး၊ ဘယ့်နှယ်နဖူးချင်း၊ ဒူးချင်းတွေ့တယ်လို့ မတော်တရော်ဗျာ"

"တင်စားတာရှင့်"

"တင်စားပေတယ်လို့ ဒါတော့လွန်လွန်းတယ်"

"နားထောင်ပါဦး၊ ရှင့်ကိုလည်း ကျွန်မမသိ၊ ကျွန်မကိုလည်း ရှင်မသိ၊ ခုမှမြင်ဖူးတယ်ဆိုရုံ မြင်ဖူးတာပါကလား၊ ကျွန်မက ပြောတယ်လို့ ရှင်၊ ကျွန်မ တရားခံဖြစ်ရတော့မလို"

"တရားခံပဲ"

"အလိုရှင် …"

အစ်မက "ကျွန်မဟာ သူကြွယ့်သမီး ပီပီသသကြီး ဘာကိုမှမလုပ် အေးအေးဇိမ်နှင့်နေတာပဲလို့ ပြောတာဟာ သည်ရွာမှာ အတိုးကြီးယူ

mgyoe.com

mgyoe.com


အမြတ်ကြီးစားရှိတယ်" လို့ပြောတာနှင့် အတူတူပါပဲ"

"ကိုစကားတတ်ရယ် ပြောပါ"

"အလို ကျွန်တော် နားကြားနေတာပဲ။ စကားပြောတတ်မှာပေါ့"

"ပြောရှင်"

"လောကမှာ ဘယ်ညာအမြဲရှိတယ်။ လူမိုက်ရှိရင် လူလိမ္မာရှိတယ်။ အတိုက်နှင့်အခံဆိုတာ ရှိစမြဲ။ မရှိရင် သည်လောကဟာ တဖြည်းဖြည်း ဆိတ်သုဉ်းကာလာရမယ်။ ဆိတ်သုဉ်းတယ်ဆိုတာ ပါရမီဖြည့်မယ့်သူမရှိ၊ ပညာရှိမရှိ၊ အစိုးရမဲ့ဖြစ်လာတာကို ခေါ်ဆိုတယ်ဗျ။ အဲသည်တော့ ကျွန်တော်ပြောတဲ့ အမြတ်ကြီးစားနှင့် တိုက်ဖို့သူပေါ်လာရမယ်။ ပေါ်မလာဘူးလို့ ယူဆတဲ့လူဟာ ဆင်မှာအစွယ်ကိုသာ မြင်တယ်၊ နှာမောင်းကို မမြင်တဲ့လူလိုပဲ"

ဒါကြောင့် တိုက်မယ့်သူရှိရမှာကြောင့် ကျွန်တော်ပြောတာ "စကားတတ်သူဟာ ပြောသမျှ လိပ်ပတ်လည်တာပေါ့"

"အဲသည်တော့ ကျွန်တော့်မြင်းက အတိုက်နှင့်အခံကြားမှာ လူဟာ လက်နက်တစ်ခုမဖြစ်လို၊ သည်ကျေးရွာကြီးမှာ အမြတ်ကြီးစားကို တိုက်ဖို့ပေါ်နေပြီကြောင့် အောင်တော်မူပြီ။ ရှေ့ကိုဆက်ပြီး 'အောင်တော်မူ' သူဟာ အသုံးမဝင်တော့ဘူးဟုဆိုကာ ကျွန်တော့်ကိုထားခဲ့ပြီး ပြန်သွားပါတယ်။ သူက တိရစ္ဆာန်ကိုး"

"ရှင်နှင့်ကို ကျွန်မ သေသေချာချာ စကားပြောချင်သေးတယ်ရှင့်"

"ကျွန်တော် အစ်မနှင့်ကို မတွေ့မမြင်လို"

"အလို ... ဘာကြောင့်လဲရှင်"

"အစ်မဟာ လှလို့"

"ရှင်ဟာ ... မစုံလင်သော လူတစ်ယောက် သို့မဟုတ် ကိုကဲပဲ"

"ဟောဗျာ ..."

mgyoe.com

mgyoe.com


"ကြက်ဖနှင့် ကြက်မဟာ ဘယ်သူကလှသလဲ"

"ဟာ ..."

"ရှင်မဟာနှင့်"

"နွားသိုးနှင့် နွားမဟာ ဘယ်သင်းက လှသလဲ"

"ဟာ ..."

"ရှင်မဟာနှင့်။ ရှင် ကျွန်မကို လှတယ်ဆိုတာဟာ အမြတ်လိုတာနှင့် အရင်းပြုတာလား၊ သို့မဟုတ် ကိုကဲပဲလား"

"ကျွန်တော်လည်း အစ်မနှင့်ကို စကားပြောချင်ပါသေးတယ်"

"ကိုင်း ခင်ဗျာ၊ ကျွန်တော် မနုနုနှင့် ခင်ဗျားကိုသည်ကနေ့ နံနက်စာအတွက် ဖိတ်ပါတယ်။ လက်ခံကြပါ'

"ကောင်းပါပြီရှင်"

"ကောင်းပါပြီခင်ဗျာ"

ကိုသာစီး၊ ခြီးသမား(ခရီးသမား) နုနုတို့သည် ကိုသာစီး၏အိမ်၌ နံနက်စာကို စားပြီးသောအခါ ရေမုန့်သည်မသည်လည်း ပေါ်ရောက်လာ၍ လေးယောက်သောစကားဝိုင်းသည် မှတ်တမ်းပြုရန်သဖွယ် ပေါ်နေလေ၏။ နုနုသည် ကိုသာစီးနှင့် စကားပြောလိုသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်၍ ဤသို့ စတင်ပြောလေ၏။

"ခြီးသည်(ခရီး) ရှင်... လောကမှာ လူလိမ္မာ၊ လူမိုက်ရှိသည် ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"လူမိုက်ဆိုတာဟာ သေယစ်ကာ မိန်းမောမြူးထူးနေခြင်း၊ အလောင်းကစားခြင်း၊ အပျော်အပါးကြူးခြင်း၊ အတိုင်းအဆမရှိသုံးစွဲခြင်း၊ အသုံးနှင့်အဖြုန်းကို နားမလည်ဘဲ ဖြုန်းတီးခြင်း၊ အလုပ်အကိုင်၌ ပျင်းရိပေါ့ဆခြင်း၊ ရာဇသတ်ကိုကျူးလွန်ခြင်း စသည့် မကောင်းမှုအမျိုး

mgyoe.com

mgyoe.com


မျိုးကို ပြုလုပ်တတ်တယ်မဟုတ်လားရှင် ...”

“ဟုတ်ပါတယ်”

“ဟုတ်လား ... ကိုသာစီး”

“ဟုတ်ပါတယ်”

“အဲသည်လို လူမိုက်များဟာ မိမိတို့ လုပ်ကိုင်ရှာဖွေခြင်းနှင့်မမျှဘဲ ကြေးငွေတို့သည် ကုန်ခန်း၍ စားဖို့၊ ဝတ်ဖို့၊ နေဖို့ စသည်ဖြင့် လူနေမှု အတွက် လိုလာပါရောရှင်။ ကိုင်း သူတို့မှာ ဘယ်ကရမလဲ”

“ငွေချေးရမယ်”

“ဟုတ်ပြီရှင်...၊ အဲသည်တော့ ငွေချေးတဲ့သူက ငါ့ထံမှာ ငွေချေး ယူပါလို့ ကြော်ငြာသလား။ ငွေလိုတဲ့လူက မျက်နှာအောက်ချနှင့် လာပြီး ငွေချေးသလား။ သူ့အား ငွေမချေးဘဲနေလိုက်ရင် သူနှင့်တကွ သူ့အိမ် ထောင်ရှိကလေးများကိုပါ ထိခိုက်မယ်မဟုတ်လားရှင်။ ဘယ့်နှယ်လဲ ကိုသာစီး”

“ငွေချေးရမှာပေါ့။ သို့သော် အတိုးနှင့်မဟုတ်ဘဲ အတိုးမရှိ ချေး ပေါ့”

“ရှင့်အမြင်ဟာ လူမိုက်အားပေး ဖြစ်မနေပေဘူးလား”

“အလို ... ဘာကြောင့်”

“သည်လိုလူမိုက်အား အတိုးမဲ့ ငွေချေးလိုက်ရင် သူများထံမှာ ငွေချေးဖို့ နည်းနည်းမှ ရှက်ကြောက်တော့မှာမဟုတ်ဘဲ အင်မတန် ရဲရင့် လာမယ်။ ငွေကို အလွယ်တကူရတာကြောင့် လုံးလုံးမလေးစားတော့ဘဲ သူ၏အလုပ်ကိုပါ လျော့စွာလုပ်ကိုင်မယ်။ သည်တော့ သည်လိုလူတွေ များလာရင် ... တစ်နည်းတုံ လူပေါ့တွေများလာရင် တိုင်းပြည်မှထွက် သော ကောက်ပဲသီးနှံနှင့် အခြား လက်မှုထည်များကိုပါ ထိလာမယ်ရှင်”

“ကစားသမားတစ်ယောက်ဟာ ငွေလာချေးတယ်ရှင်၊ ခြီးသည်

mgyoe.com

mgyoe.com


(ခရီးသည်) ကြီး အထူးစဉ်းစားပါ။ သူ့လောင်းကစားမှုကို အားပေးရာ ရောက်မည်ကြောင့် ငွေကိုမချေးချင်ဘူးဆိုရင် သူစိတ်ခုမယ်။ အဲသည်တော့ အသပြာ တစ်ကျပ်လျှင် ငါးမူးတိုးနှင့်မှ ချေးမယ်လို့ပြောတော့ သူ့မိန်းမရဲ့ ရွှေနားတောင်းကို အစိတ်နှင့်ပေါင်ပြီး ချေးတယ်။ အဲဒီ နားတောင်းကို သူကစားလို့နိုင်တော့ ပြန်ရွေးတယ်"

"သည်ကစားသမားကို ဘာကြောင့်ချေးသလဲ။ မချေးဘဲထား ပါလား။ လူမိုက်အားပေး၊ အားပေးရုံနှင့်မက လူမိုက်ထံက ငွေရှိသမျှကို သုံ့ယူနေတာပဲမဟုတ်လား"

"ကိုသာစိး ... ရှင် တစ်ခွန်းကိုသာကြည့်တယ်။ ဘယ်အခါမဆို နှစ်ခွန်းရှိတာကို ရှင် သိတတ်ရတယ်"

"ဘယ်လိုလဲ"

"ကစားသမားဆိုတာ လူမိုက်"

"ဟုတ်တယ်"

"သူ့အား ငွေမချေးလိုက်လို့ သူမကစားရရင် ကစားရအောင် ငွေရှာမယ်။ ဘယ်လိုရှာမလဲ။ ခိုးတန်ခိုးမယ်၊ တိုက်တန်တိုက်မယ်။ အဲသည်တော့ သည်လိုဟာကို မဖြစ်ရအောင် ကာကွယ်တဲ့သဘောနှင့် ချေးတာရှင်။ အဲဒီလိုမှမချေးရင် သူခိုးဓားပြတွေ ထူလာမယ်၊ သူခိုးဓားပြ ထူလာခြင်းမှာ ဒါဟာလည်း တစ်ခွန်းပါဝင်နေတယ်"

"မနုနုဟာ ရွေးနိုင်တာကိုသာ ပြောတယ်၊ မရွေးနိုင် ဆုံးပါးတာ တွေကိုတော့ မပြောဘူး။ မရွေးနိုင်တာလည်း ရှိရမယ်"

"ရှိတာပေါ့"

"အဲသည်လို မရွေးနိုင်လို့ ဆုံးပါးတဲ့လူတွေဟာ သူခိုးဓားပြတွေ ဖြစ်ကုန်ရောလား"

"ဖြစ်သင့်သလောက်မဖြစ်ဘဲ သက်သာတာပေါ့"

mgyoe.com

mgyoe.com


"ခင်ဗျားတို့ထံမှာ ချေးငှားပေါင်နှံပေမဲ့ သူခိုးဓားပြရှိသေးတာပဲ"

"ဒါဟာ ရှိရမလေ။ ရှင့်လက်မ ဘာကြောင့်တိုနေသလဲ"

"မနှန့ မကတ်ပါနှင့်"

"ကတ်တာမဟုတ်ပါ။ သူခိုးဓားပြဟာ ထူထပ်တာသာ မကောင်းတယ်။ သူတို့ဟာလည်း တိုင်းပြည်နိုင်ငံရဲ့ တန်ဆာပလာ ကောင်းများပါပဲ"

"ခင်ဗျားတို့ထံမှာ ခိုးဝှက်ရတဲ့ပစ္စည်းတွေကို သက်သက်သာသာနှင့် ပေါင်နှံရောင်းချလို့လား"

"ရှင် သည်လိုအရမ်းမပြောနှင့်။ သူခိုး၊ ဓားပြ စသော လူမိုက်လူရမ်းတွေရှိလို့တောင် လူမလုပ်ချင်၊ အလုပ်ရုံမှာ အလုပ်မလုပ်ချင်တဲ့ လူတွေဟာ မင်းမှုထမ်းရယ်လို့ အလုပ်သမားတွေရှိလာပြီး ဝန်ကြီးတွေ၊ အမတ်တွေ၊ ရှင်ဘုရင် စသည်ဖြင့် ရှိရတာယ်မဟုတ်လား။ သည်လိုမှ မကောင်းတဲ့လူ၊ လူညစ်ပတ်၊ သူခိုးဓားပြတို့မရှိရင် ရှင်ဘုရင်တောင် မရှိရဘူး။ ရှင်ဘုရင်ထားဖို့တောင် မလိုဘူး။ ဒါနှရှင် သီလရှင်တို့လည်း အကျိုးပေးဟာ မရှိနိုင်တော့ဘူးသိလား"

"ဒါကြောင့်ငွေတိုးယူတာ၊ အတိုးယူတာဟာ ငွေဆိုတာ အင်မတန် ခဲယဉ်းပါကလားလို့ အရမ်းကာရော မသုံးရအောင် ဟန့်တားတဲ့သဘောနှင့် တန်ဖိုးပြုတာရှင့်"

"ခင်ဗျားတို့ ငွေတိုးယူတဲ့စနစ်၊ သီးနှံပေါ်ပေးစနစ်တို့ကြောင့် တောင်သူတွေဟာ မွဲကုန်တာပဲ"

"ရှင်ဟာ မျက်စိကိုလည်း ပိတ်မထားနှင့်၊ နားကိုလည်း ပိတ်မထားနှင့်။ သတိပြုပါ။ ဟော ... တောင်သူတွေ ရွာတိုင်းလောက်မှာပဲ ကစားဝိုင်းတွေ ပြု၊ လောင်းကစားကြ။ ရှုံးကုန်လို့ မီးခိုးတိတ်။ နွားပွဲလုပ်၊ လှေပွဲလုပ်။ ရှုံးကုန်လို့ မီးခိုးတိတ်။ ကိုင်းရှင် ငွေတိုးချေးလို့ မီးခိုးတိတ်

mgyoe.com

mgyoe.com


သလား၊ လောင်းကစားပွဲကြောင့် မီးခိုးတိတ်သလား"

"ပြောပါအစ်မ"

"ဟောရှင် ... အသောက်သမားတွေရမ်းကား၊ နေ့စဉ်သောက်ငွေကုန်၊ ငွေကုန်ကိုထားပါတော့။ မူး၊ ရန်ဖြစ်၊ ရုံးရောက်၊ လူသတ်မှု၊ လူသေမှုဖြစ်။ တစ်ဆွေလုံးပင်၊ ကိုင်းရှင် ဒါတွေကိုမမြင်၊ မကြားဘူးလား"

"သည်လိုမလိမ္မာ၊ မိုက်မဲတဲ့လူတစ်စုဟာ အရနှင့်အသုံး မကာမိဘဲ ငွေဟာ အမြဲလိုလိုပင် လိုနေပါတယ်။ သူတို့မှာ အပျော်အပါးကြူး၊ အတိုင်းအဆမရှိဘဲသုံးစွဲ၊ အသုံးနှင့်အဖြုန်းကို နားမလည်ဘဲ ဖြုန်းတီး၊ အဲသည်တော့ သူတို့မှာ မျိုးစရိတ်လို၊ လုပ်ကိုင်ရင်း စားသောက်သုံးစွဲဖို့ ငွေလိုနေတော့ သူတို့ဟာ ငွေချေးရတာပဲ။ ငွေချေးကြပါလို့ မခေါ်ရပါဘူး။ သူတို့ကလာပြီး ချေးကြတာပဲ။ ကိုင်း ... ဒါကိုမချေးဘဲထားရင် ဘယ်လိုနေမလဲရှင်။ စဉ်းစားကြည့်သလောက် ကြောက်စရာကောင်းမနေပေဘူးလား"

"မချေးနဲ့၊ ချေးတာမှားတယ်လို့ ကျွန်တော်မဆို။ အတိုးယူ၊ အတိုးကြီးစားပြီး ငွေချေးတာဟာ ကောင်းသလား။ မနုနု စဉ်းစား"

"ယခုကိုသာစီး လက်တွေ့ တွေ့နေပြီမဟုတ်လား။ ကိုသာစီးက အတိုးမယူဘဲ ငွေချေးတယ်။ ပြန်မဆပ်တော့လည်း ဆပ်နိုင်တဲ့အခါမှ ဆပ်ဖို့ လျှော့တရားပြုတယ်။ အဲသည်တော့ သူတို့အလုပ်အကိုင်ကို ကြိုးစားပြီး ကောင်းကောင်းလုပ်သလား။ ကောက်ပဲသီးနှံတွေ ရှေးကလို ထွက်သေးသလား။ တောင်သူတစ်ဝက်လောက်ဟာ အလုပ်အကိုင်မှာ အင်မတန် ပေါ့သွားတယ်မဟုတ်လား။ ဒါ ဘာကြောင့်၊ ငွေဟာ တန်ဖိုးမရှိဘဲ လွယ်လွယ်နှင့်ရနေလို့။ ကိုင်း ရှင်"

"ကျွန်တော် အချုပ်ကိုပြောမယ်"

"ပြောရှင် ..."

mgyoe.com

mgyoe.com


"ခု အလုပ်သမားတွေအား ကျွန်တော်က ငွေကို လွယ်လွယ်ကူကူနှင့် ချေးငှား၊ အတိုးမယူ။ လိုသလောက်ချေးတော့ သူတို့ ပျော်ပျော်ပါးပါးနှင့် အလုပ်လုပ်ကြပါတယ်။ အလုပ်ကိုလည်း ကြိုးစားလုပ်ကြပါတယ်"

"ဒါဖြင့် ဘာကြောင့် သီးနှံအထွက်နည်းရပါသလဲ"

"အဲဒါဟာ မနုနုတို့က မနုနုတို့ သိမ်းယူထားတဲ့မြေကို မလုပ်ရဘူးဆိုကာ ပြန်သိမ်းတာကြောင့် မြေသစ်၊ ယာသစ် စပြီးတည်ထောင်နေရတဲ့ အတောအတွင်းကြောင့်ပါ။ ယခုနှစ်မှာ မနှစ်ကထက် ပိုမိုပြီး အသီးအနှံထွက်လာပါပကော"

"အဲဒါ ကျွန်မတို့က မြေတွေကို ပြန်ချပေးလို့ရှင့်"

"ကျွန်တော် ခရီးသည် ခင်ဗျားတို့နှစ်ယောက် စကားပြောတာကို စိတ်တွင် ဝေသွားတာပဲ။ ကျွန်တော့်မှာတော့ အကြားအမြင်များလို့ တော်တော်ပဲ အကျိုးရှိပါတယ်။ ကိုင်း ... မတည်က ဘယ်လို ဆုံးဖြတ်ပေးမလဲ"

"သည်လိုရှင့် ... ကုန်လှောင်အမြတ်ကြီးစားဆိုတာကို ပြောကြစမ်းပါစေဦး"

"ကျွန်မတို့ ကုန်ကို မလှောင်ချင်ပါဘူး၊ အင်မတန် ဝန်လေးပါတယ်။ ဒါပေ့ ... တောင်သူများဟာ မသိတတ်ဘူး။ သူတို့ ကြိုက်ဈေးရရင် ဝမ်းစာနှင့် မျိုးအတွက်ကိုမှမချန်ဘဲ ကုန်အောင်ရောင်းချပစ်လို့ ဝယ်ပြီး ရွာသုံးလုံလောက်အောင် လှောင်ထားရခြင်းပါ"

"မနုနုပြောတာဟာ အတော့်ကို တင့်တယ်ပြေပြစ်ပါတယ်။ သို့သော် အဲသည်သိုလှောင်ထားတဲ့ ကုန်များကို အမြတ်ကြီးကြီးယူတာကတော့ ခိုးလိုးခုလုကြီးပါ"

"ရှင် စဉ်းစားရမယ်။ သူတို့ဟာ ခုတိုင်သိတတ်တဲ့လူ နည်းနည်း

mgyoe.com

mgyoe.com


ပါးပါး ရှိပါသေးတယ်။ တို့ရောင်းတုန်းက ဤမျှသာ၊ တို့က ပြန်ဝယ်ရတော့ အင်မတန်ဈေးကြီးပါကလား။ တို့မျိုးနှင့် ဝမ်းစာကို ချန်ပြီးရောင်းမယ်လို့ မသိတတ်တာနှင့် သိတတ်လာအောင် တမင့်ကို ဈေးကြီးကြီးနှင့် ရောင်းတာပဲရှင်"

"ခုတော့ ကောဗျာ"

"ရှင်က ဈေးသက်သက်သာသာနှင့် ရောင်းတော့ တောင်သူများဟာ သာပြီး ဂရုမစိုက်ကြဘဲ သူတို့ရဲ့ဝမ်းစာအတွက်ဟာ သိပ်ကို ခက်ခဲသွားတယ်။ ခုမှ သာပြီးကျပ်တည်းကြပါတယ်"

"အခု သက်သာချောင်ချိနေကြတယ်မဟုတ်လား"

"ရှင် ဖွတ်မပြောသင့်"

"မနုနု ခြီးသည် (ခရီးသည်) ရှေ့မှာ အတင်းနင်းပြီး မပောက်သင့်ပါ"

"ကျွန်မ ခြသေ့မ လား"

"ငွေတည်းဟူသော လက်နက်နှင့် အာဏာရှင်မပါ"

"ရှင်ကကော ငွေတည်းဟူသော အံစာနှင့် ကစားသမားပဲ မဟုတ်လား"

"ကိုင်း ကိုင်း ကိုင်း ... နေကြစမ်းပါဦးခင်ဗျာ။ မတည်က ဘယ်လိုများသဘောထားသလဲ"

"ရှင့်အတိုက်အခံရှိမှ ပြေပြစ်နိုင်သရွေ့ ပြေပြစ်ပါတယ်။ ကုန်ရောင်းကုန်ဝယ်ဆိုတာ ပြိုင်ဘက်ရှိမှ တိုင်းပြည်မှာ သက်သာချောင်ချိလာပြီး စည်ပင်နိုင်ပါတယ်။ သည်တော့ ကိုသာစီးကလည်းစီး၊ မမနုကလည်း နုပေါ့ရှင်"

"ကျွန်တော်ကတော့ ကိုသာစီးကလည်း လူပျိုကြီး၊ မမနုကလည်း အပျိုဆိုတော့ ..."

mgyoe.com

mgyoe.com


"ရှင့်နှယ်ရှင်၊ သည်လိုလူကို ကျွန်မက မြင်ရမယ်လို့"

"မိတ်ဆွေ ... သည်လိုငွေ့ရှင်ကို ကျွန်တော် ဘယ်လိုကြည့်လို့မှ မမြင်နိုင်ပါဘူး"

"ရယ်စရာ ..."

"ပြုံးစရာ ..."

"ကိုင်းရှင် ... ကျွန်မကျတော့ ဌာနေ မုန့်သည်မလည်း ဖြစ်ပါတယ်။ သည်တော့ ကိုကြီးသာစီး သဘောကိုလည်း ကျွန်မသိတယ်၊ မမနုရဲ့ သဘောကိုဆိုတော့ သာပြီးသိပါတယ်။ ယခုလိုနေတာဟာပဲ ရွာမှာတိုးတက်လာပြီး တင့်တောင့်တင့်တယ်နှင့် စည်ပင်လာပါတယ်။ ရွှေနှင့်ကြေးကိုစပ်တော့ မိုးကြိုးဖြစ်သွားတာလို ဖြစ်မှာကိုတော့ ကျွန်မတို့လည်း ခပ်ကြောက်ကြောက်ပါ"

ရယ်ကြ၏။

"ဒါထက် ... ရှင့်မြင်းကို ရှင်ကဘာကြောင့် ရောင်းချင်သလဲ"

"ကျွန်တော့်မြင်းဟာ အံ့ဩဖွယ်ရာသိတတ်ပြီး ရဲစွမ်းအင်မတိအင်မတန်ရှိတဲ့မြင်း။ ကျားကိုတောင်မကြောက်၊ ဆင်ကိုလည်းမကြောက်၊ ကျွန်တော့်အကျိုးကို အင်မတန်ဆောင်တယ်"

"နေပါဦးရှင် ... ဒါနှင့်ပဲ ရှင်ရောင်းချင်သလား"

"နားသာပါဦး ...၊ မနုနု။ ကျွန်တော်ဟာ ခရီးသည်၊ ဘယ်ကိုရောက်ပြီး ဘယ်ကိုပေါက်မည်မသိ။ အဲသည်တော့ သူဟာ ကျွန်တော့်နောက် တကောက်ကောက်လိုက်ကာ အသုံးခံနေရရင် ဆင်းရဲမယ်။ မဆင်းရဲပါစေနှင့်လို့ သူ့ကောင်းစားခြင်းအလို့ငှာ ကျွန်တော်ရောင်းခြင်းပါဗျာ"

"ဒါဖြင့် ရှင် ... အလကားပေးခဲ့ပါလား"

"ဟုတ်တယ် ... ဒါဟာ ယောဂီဝါဒ။ ယောဂီဝါဒဆိုတာ လောက

mgyoe.com

mgyoe.com


ရေးမှာ တိတုံးတုံးနှင့်အပြတ်။ ကွင်းဆက်မလိုဘူး"

"ကျွန်တော် ... ကျွန်တော့်မြင်းကို ရောင်းတဲ့အတွက် သည်ရွာဟာ ဘာကြောင့် ရွာမကြီးဖြစ်လာတယ်၊ ယခု ဘယ်လို ဘာကြောင့် တင့်တယ်တယ်ဆိုတာကို ကျွန်တော် သိရတာပေါ့"

"ရှင့်အပြုအမူဟာ ဆန်းတယ်"

"ဘာဆန်းမလဲ မနုနုရယ် ... မိုးဦးကျစမှာ မြေမှ မှိုနုတွေပေါက်တယ်။ လူများဟာ တောထဲရှိ မြေကြီးမှ အလကားရကြတယ်။ သည်တော့ မှိုဥ ဘာကြောင့်ဖြစ်လာရတယ်ဆိုတာကို စုံစမ်းခြင်းမရှိ၊ မရှိတော့ မသိရတာပေါ့"

"ရှင့်စကားများဟာ ရောက်တိရောက်တတ်။ ရှင်ဟာ ယခု ဘယ်ကိုခရီးဆက်မလဲ။ ဘယ်ကလာသလဲ။ ရှင်ဟာ ဘယ်သူလဲ"

"ဩော်... သည်လိုလား။ မမနုတို့ကို ကျွန်တော်သိရပြီ။ ဦးသာစိုးကိုလည်း ကျွန်တော်သိရပြီ။ မတည်ကိုလည်း သိရပြီ။ ကျွန်တော့်ကို အားလုံးကမသိ။ သည်တော့ ကျွန်တော်ပြောချင်သလို ပြောတာကို မမနုတို့ ကိုသာစိုးတို့ ကြားသိရမယ်။ မှန်တာမှားတာကိုတော့ မတည်ကတောင် မဆုံးဖြတ်နိုင်ဘူး။ အဲဒီတော့ ဒါကိုမေးခြင်းဖြင့် ဘာမျှအကျိုးမရှိ။ ကျွန်တော် ပြောချင်သလိုပြောမှာပေါ့"

"နေပါဦးရှင်... မှန်တာမှားတာကိုတော့ မတည်ကတောင် မဆုံးဖြတ်နိုင်ဘူးလို့ ရှင် ကျွန်မကိုဆိုတယ်။ ကျွန်မဟာ ဘာကြောင့်လဲ ရှင်"

"လုံမငယ်ဟာ ... မတည်ကြောင့် ..."

"ဒါနှင့် မလုံလောက်ဘူးရှင်"

"ဩော် ... သည်လိုလား"

"ဟုတ်ပါတယ်"

"မတည်ဟာ ရေမုန့်ရောင်းသည်။ ကျွန်တော်တို့ ရေမုန့်ဝယ်စား

mgyoe.com

mgyoe.com


သည်။ ကျွန်တော့်ထံက အသပြာတစ်ကျပ်ကိုသာ မတည်ယူသွားသည်။ ထိုသို့ယူသွားခြင်းမှာ ကျွန်တော့်ကို ရှုတ်ချရာရောက်မည်ကြောင့်သာ ယူသွားသည်ဟု ကျွန်တော်ယူဆသည်။ ကျွန်တော့်ယူဆချက်မှန်ရမည်။ မှားသလား"

"မမှားပါ"

"မတည်သည် သည်ကျေးရွာမှာ ရွာစိုး မဆုံးဖြတ်နိုင်သော တရားများကို ဆုံးဖြတ်ပေးသည်။ ကျေးရွာကြီးမကွဲဘဲ စီညီအောင် သဘောတရားကိုပြသည်။ ကိုသာစီးနှင့် မမနုတို့ ဆန့်ကျင်ဘက်သဘောနှင့် ရန်မများအောင် ကျင့်ဆောင်ကြံစည်သည်။ ထိုသို့သော အမျိုးသမီးသည် လူတို့၌ အလုပ်သည် အဆင့်အတန်းမဟုတ်၊ အကျင့်သည်သာလျှင် အဆင့်အတန်းဟု သဘောပိုက်ကာ ရေမုန့်လုပ်၍ ရေမုန့်ရောင်းစားသည်။ ထို့ကြောင့် မတည်ကတောင် မဆုံးမဖြတ်နိုင်ဟု ကျွန်တော်ပြောပါတယ်" "မတည်ဟာ ပညာဉာဏ်အတော့်ကို ကြွယ်ဝသပေါ့"

"ဒါကို ... ကျွန်တော့်အားမမေးသင့်။ ရွာစိုးနှင့် မတည် တရားအဆုံးအဖြတ်ကို ခံယူသူများအား မေးပါ"

"ရှင့်ထံ မေးစရာစကား ကြွင်းနေပါတယ်"

"မေးပါ"

"ကျွန်မလှလို့ ... ရှင်က မတွေ့မမြင်လိုဟု ဆိုပါတယ် ...။ ကျွန်မလှသလား ... ဘယ်လိုလှသလဲ ... ကျွန်မမှာ မျက်ခုံးလှသလား၊ မျက်လုံး လှသလား"

"ဩော် ... သည်လိုလား"

"ဟုတ်ပါတယ်"

"လူတစ်ယောက်ရဲ့မျက်နှာဟာ ပြောင်ပြောင်ကြီး ထင်လင်းနေလို့ တကယ်အစစ်လှစေကာမူ ရိုးနေပြီ"

mgyoe.com

mgyoe.com


"အို ..."

"အစ်မဟာ စကားပြောရင်း စိတ်ကလေးက ကြွပ်ကြွပ်လာတော့ ထဘီကလေးကို မမိ မမိလာတယ်။ သည်တော့ ခြေသလုံး ဖြူဖြူဖွေးဖွေး၊ ပြည့်ပြည့်တင်းတင်း အသွေးအရည်ကလေးဟာ ပေါ်ပေါ်လာပါတယ်။ ထိုသည် ခြေသားလုံး ဖြူဖွေးဖွေး ပြည့်ပြည့်ဝဝကလေးသည် ငါလှသည်ဟု ကျွန်တော့်မျက်စိကို သွေးနေပါသည်'

"အလို ..."

"ကျွန်တော့်မျက်စိကို မေးပါ ...၊ ငါ့ခြေသလုံးဟာ လှသလားလို့"

"ရှင့်နှယ်ရှင် ..."

"အဲသည် ခြေသလုံးကလေး သွေးဆောင်တော့ပြီ။ ဒူး ... ရေကမိုးတင်... အို ... စုံစီခပ်သိမ်း မကြွင်းမကျန်လှသည်ဟု သူပြောနေတော့ပြီ။ ကျွန်တော့်အာရုံထဲမှာ အကွင်းအကွင်း ထင်းထင်းကြီး အဝတ်များကို ဖယ်ကာ လှနေတော့ပြီ"

"လှတာဟာ ရှက်စရာလား။ မမနုဟာ စကားပြောဆိုနေရင်းမှ ထထပြီး အသွားမှာ နောက်ခိုင်းတော့ တင်သားလုံးလုံးကြွကြွ မို့မို့ကလေးဟာ နိမ့်တုံမြင့်တုံ ဘယ်အိညာအိနှင့် မခို့တရို့ မိကာ ထိအောင် ဆောင်ကာရှိနေပေတော့ပြီ။ ထိုသို့ဆောင်ကာ ကဈ ကဈ နေခြင်းသည် မမနု၌ တစ်ကိုယ်လုံး ဘာမှမကျန် အလွန်လှ၍ပနေသည်ဟု အပြုသဘောနှင့် ပြောသလို ဖြစ်နေပါသည်။"

"ကိုင်းရှင် ထားပါတော့ ...၊ တကယ်ချောလှရင် မြင်ပြီးရင်းမြင် ချင်နေရမယ် မဟုတ်လား။ ယခုတော့ မတွေ့မမြင်လိုဆိုတာဟာ အတော့်ကို အကြောင်တိုက်စကား မဟုတ်ပါလားရှင်"

"အဲ ... မမနု အကောက်အယူလွဲပြီ"

"လွဲပေါင်"

mgyoe.com

mgyoe.com


"သည်လိုပါ မမနု"

"ဆိုရှင် ... ရှင် ဘယ်လိုစကားခြယ်ပြီး ပြယ်ဦးမလဲ"

"မပြယ်တတ်ပါ။ ယောက်ျားတို့သည် မိန်းမတို့၏ တကယ့်အလှအချောကို မြင်ရပါက ထိုအလှကိုခံယူပြီး ခံယူပြီး ခံစားပြီး အင်းသည်လိုလို့ မှတ်သားလိုက်ပြီ။ အပြုသဘောဆိုပြီ။ လှသည်ဟုသိပြီ။ သိပြီးတော့ ဘဝင်စိတ်ဆိုက်၊ တပ်မက်ကာ မျက်စိအားဖြင့် မေထုန်စိတ်နှင့်ထုံမိပြီး ဟောကာမဂုဏ်၌ မှားသောအကျင့်ကို ကျင့်မိပြီ။ အလွန်ယုတ်သော မကောင်းမှုကြီးကို ပြုမိတော့ပြီခင်ဗျာ"

"ရှင် ဒါဖြင့် ယောက်ျားများဟာ လှပသော မိန်းမများအပေါ်၌ သည်လိုပဲလား"

"လှပသော အမျိုးသမီးများအပေါ်၌ သည်လိုပဲ မျက်စိနှင့် မေထုန်စိတ်ကို ထုံခြင်းများပါတယ်"

"ဒါဖြင့် ကျွန်မတို့ မိန်းမများဟာ နိသက်သက် အစော်ကားခံနေရတာပေါ့"

"အများအားဖြင့် ဆိုပါတော့"

"ယောက်ျားများဟာ ..."

"သည်လိုလေ ..."

"ဘယ်လိုလဲရှင်"

"လင်ရှိမိန်းမကိုဆိုတော့ သူ့လင်ကို လောက၌ ရှုံ့ရခြင်းကြောင့်လည်းကောင်း၊ သံသရာ၌ အပါယ်ငရဲဘေးကြောင့်လည်းကောင်း၊ ထိုလင်ရှိမိန်းမများအပေါ်မှာ အထူးပြုကာ ထိန်းသိမ်းရပါတယ်"

"သြော် ..."

"အစော်ကားမခံလိုသော် အိမ်ထောင်ပြု"

"ဟောတော့်၊ ဘယ်သူနှင့်ပြုမလဲ"

mgyoe.com

mgyoe.com



"မမနုအား မေးပါ"

"ရှင်ဟာ သိပ်ကို မထိတထိ ကလိပြီးစကားပြောတာပဲ"

"ဟောဗျာ"

"မတွေ့လိုဘဲနှင့် တွေ့ချင်လို့တွေ့ရတော့ ပြောချင်တာနှင့်ပဲ ပြောရတော့မယ်။ မတည်ရှေ့မှာပြောတာပါ။ မတည်နောက်တော့ စီရင်ချက်ပြုပါဆိုသူ ကာယကံရှင်ပေါ်သော် စီရင်ပေါ့"

"ရှင်ဘာပြောမလဲ"

"မမနုဟာ အင်မတန်ချော၊ အင်မတန်လှတယ်။ စာဆိုတော်ပင် ချီးမကုန်နိုင်အောင် ချောလှပါတယ်။ အဲသည်လိုချောလှတဲ့ အမျိုးသမီးများဟာ သဘောထားကြီးပြီး စိတ်ထားမြင့်မြတ်ပါတယ်"

"နု သဘောထားကြီးပေါင်၊ စိတ်ထားမမြင့်မြတ်ပေါင်"

"သက်သေရှိတယ်ခင်ဗျာ"

"ဘယ်သူလဲ။ ကိုသာစီးနှင့် မတည်လား"

"မဟုတ်ပါ"

"ဘယ်သူလဲ"

"ကျွန်တော်က မုန့်ဖိုးတစ်ကျပ်ပေးတော့ နှစ်ကျပ်ဝင်ပေးခြင်း၊ ကျွန်တော်က သုံးကျပ်ပေးတော့ လေးကျပ်ပေးခြင်း၊ အဲတာက သက်သေပါခင်ဗျား"

"ဒါဟာ ကျွန်မက မာနနှင့် တမင်သက်သက် ရွဲ့တာရှင့်"

"မြင့်မြတ်ပြီး သဘောထားကြီးတဲ့လူများဟာ ရွဲ့လေ ... တည့်လေ ခင်ဗျား"

"ကိုစကားတတ်"

"စကားတတ်တာမဟုတ်ပါ။ သဘောတရားအစစ်ကို ပြောပြတာပါ"

mgyoe.com

mgyoe.com


"ဆိုပါ"

"သဘောကြီးတဲ့သူများဟာ လိမ္မာတယ်။ လိမ္မာရင် သတိရှိပြီး သိတတ်တယ်။ အဲသည်လိုသိတတ်တော့ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေ လယ်ယာ မိုးမြေတို့ကို ပေါများကြွယ်ဝကာ လူကုံထံဖြစ်အောင် သိုမှီး သိမ်းဆည်းတတ်ပါတယ်"

"ရှင် သည်သဘောကို ထောက်ခံတယ်ပေါ့"

"ကျွန်တော် လူမိုက်နှင့် လူလိမ္မာရဲ့သဘောကို အရည်သွေးတာ ပါ"

"ပြောစမ်းပါဦးရှင်"

"အဲသည်လို လိမ္မာတဲ့လူက သတိရှိလို့ သြော် ငါ့မှာရှိတဲ့ ရတနာ ရွှေငွေတို့နှင့် ငါဝတ်စားဂုဏ်လုပ်နေရင် ရှုးတာသာပါကလား။ အရှုးကို အရှုးက ချီးကျူးပြီး သာယာမှာပါကလားလို့ သိတတ်မှာပေါ့။ ပြီးတော့ လူကုံထံ ကြွယ်ဝကောင်းစား ချမ်းသာသလောက် သေသွားတော့ သည် ပစ္စည်းတွေဟာ ကိုယ့်နောက်ပါသလား၊ ပါလာသလားလို့ သတိရှိသူဟာ သိလာပြီး ရတနာရွှေငွေပစ္စည်းဆိုတာဟာ ဘုံဆိုင်ပါကလား။ သည်ဘုံ ဆိုင်တွေဟာ လူမိုက်လူကန်း၊ လူရမ်းသဘောနှင့် ပရမ်းပတာကုန်ဆုံး ပျက်စီးမကုန်စေရန် ငါအမြင်ကျယ်လို့၊ အသိနက်လို့၊ သတိရှိလို့ အလိမ္မာသဘောနှင့် သိတတ်လာမှာပါ။ လှသူ့အနှစ် အသရေ"

"ရှင်ဟာ စကားပြော အလွန်လိမ္မာတာပဲ"

"လိမ္မာခြင်းမဟုတ်ပါ။ သဘာဝသဘောပါ။ အဲသည်တော့ လိမ္မာသူဟာ လောကကို အေးချမ်းသာယာပြီး လူနေမြင့်တဲ့သဘောနှင့် ကောင်းစားလာအောင် မိမိမှာရှိတဲ့ဥစ္စာ ရွှေငွေ၊ လယ်ယာ မိုးမြေတို့နှင့် ထိုက်တန်သူများအား ချီးမြှင့်ထောက်ပံ့ခြင်းကို သတိမကင်းသူများသည် ပြုကြပါတယ်။ ဤသည် သဘာဝ"

mgyoe.com

mgyoe.com


"ကိုသာစီး ...၊ ရှင် မထိုက်တန်သူများအား အရမ်းထောက်ပံ့နေတာပဲ မဟုတ်လား"

"မနုနု၊ ခင်ဗျား ထိုက်တန်သူများအပေါ်မှာပင် လွတ်လွတ်မထောက်ပံ့ မချီးမြှင့်ဘဲ ငွေတိုးယူနေတယ်မဟုတ်လား"

ကိုသာစီး ... နုနု၊ မတည်တို့သည် ရေပူသောက်ရင်းပြုံးနေကြလေ၏။ ထိုခရီးသည်လည်း ဤသို့ပြောပြန်၏။

"မထောက်ပံ့သင့်သည့်သူများအား အချုပ်အခြာမဲ့နှင့် ချီးမြှင့်ထောက်ပံ့တော့ လိမ္မာသော အနုပညာပန်းချီဆရာသည် ဖြူဖွေးနေသောကားပြင်ပေါ်၌ ဘီလူးရုပ်ကို ရေးသကဲ့သို့ ဖြစ်ချေသည်။ ထောက်ပံ့ခြင်းသည် လူတစ်ယောက်အား လက်နှစ်ဖက်ကို ချုပ်တည်းချုပ်နှောင်ကာ ထမင်းကျွေးသကဲ့သို့ ဖြစ်ရတတ်ချေသည်"

"ကိုင်း ... ဘယ့်နှယ်လဲ"

"သည်တော့ ... မတည် ဒဏ္ဍာရီဆောင်ပါးခင်ဗျား ဉာဏ်ကျယ်ပြီး အမြင်မှန်ပါတယ်"

"အို ..."

"ကိုင်း ... မတည်ပြောဗျာ"

"မတည် ... ပြောရှင်"

"ကျွန်မက ဒဏ္ဍာရီပြောရရင် ရှင်တို့အထအနမကောက်ရဘူး"

"မကောက်ပါဘူး"

"မကောက်ပါဘူး"

သာဝတ္ထိမြို့ကလေးမှာ ဦးလှနှင့် ဒေါ်မိုးတို့သည် စီးပွားရှာဖွေရေး၌ ၎င်းတို့ကို အလွန်လိမ္မာသည်ဟု သဘောပိုက် ယူဆကြလေသည်။ ၎င်းတို့သည် သိုသိုသိပ်သိပ်နှင့် ချွေတာစုဆောင်း သိုမှီးရုံမျှမက ငွေတိုးပေးသည်။ သီးနှံပေါ်ပေး စသည်ဖြင့် ငွေတိုးကြီးစွာလည်းယူသည်။

mgyoe.com

mgyoe.com


ကုန်လှောင်ခြင်းစနစ်ဖြင့် အမြတ်ကြီးစားလည်း ပြုသည်။

ထိုသို့လျှင် ငွေနှင့် သူတစ်ပါးအပေါ်မှာ ရက်စက်စွာကစားခြင်းဖြင့် လယ်များ၊ ယာများ စသည်တို့သည် ၎င်းတို့ထံသို့ များစွာရောက်ပြီးသော် မြေယာလက်မဲ့သူတို့ အတော်ပင် ပေါများလာလေသည်။

သို့လင့်ကစား ပစ္စည်းဥစ္စာ ကုံထံကြွယ်ဝသည်ဟူသော အရှိန်နှင့် သာဝတ္ထိမြို့ကလေးက ထိုဦးလှ၊ ဒေါ်မိုးတို့ကို မြို့၏ ကိုးကွယ်ရာဟူ၍ပင် ယူဆကြကာ လေးမြတ်ကိုးစား နေကြလေသည်။

ထို ဦးလှ၊ ဒေါ်မိုးတို့မှာလည်း သမီးကလေး လှမိုးဟူ၍ ရှိလေသည်။ လှမိုးသည် နာမည်နှင့်အညီ ပြောစမှတ်ဖြစ်အောင် လှလေသည်။ လူကုံထံသမီးကြောင့် လိမ္မာသိတတ်ပါးနပ်သည်ဟုလည်း ထိုမြို့တွင် ထင်ရှားပေသည်။

စင်စစ်သော်ကား မလှမိုးသည် ငါလှသည်၊ ငါလူကုံထံသမီးဟု မာနတစ်ခွဲနှင့်မျှမက မာနတစ်တင်းရှိနေပေသည်။ မလှမိုးသည် အကြင်မိန်းမသည် လှသော်လည်းကောင်း၊ အလွန့်အလွန်လှသော်လည်းကောင်း၊ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသော်လည်းကောင်း လင်ရသော် လင်အောက်က တင့်တယ်ရသည်ဟု မစဉ်းစားမိချေ။

ထို့ကြောင့် မာနခဲကလေး ဖြစ်နေပေသည်။

မလှမိုးသည် မာနခဲကလေး ဖြစ်နေသည့်အတိုင်း တော်တော့လူကို အချစ်အတွက် မြင်မိခြင်းမရှိပေ။ သို့ရာတွင် ၎င်း၏အလိုကိုလိုက်လျော၍ ၎င်းထံမှာ ဒူးထောက်ခစားသောသူအား ငါ၏ကြင်ဖက် ခင်ပွန်းဖြစ်ထိုက်သည်ဟု ယူဆပြီးလျှင် ထိုသို့သော အရွယ်တူလူပျိုများအား ချစ်ရေးအတွက် ဦးစားပေးနေပေသည်။

ထိုသဘောဖြင့် မလှမိုးသည် ပန်းထိမ်ဆရာ မောင်မြနှင့် ရင်းနှီးကာ အိမ်ထောင်ကျသွားလေသည်။

mgyoe.com

mgyoe.com


မောင်မြသည် မလှမိုးကိုမရမီ မလှမိုးထံ ခယဝယနှင့် မလှမိုး၏ မိဘများရှေ့တွင်ပြု၏။ အလိုလိုက်လျော၊ သဘောနှင့်အညီ ပြုကျင့်သည်လည်း ရှိ၏။ ထို့ကြောင့် မောင်မြကို ဦးလှ၊ ဒေါ်မိုးတို့သည် အတော်ပင် နှစ်သက်သဘောကျကြ၏။

မောင်မြသည် လှမိုးထံ၌လည်း အချစ်ဒူးထောက်ရုံမျှမက လှမိုး၏ သဘောကျ၊ လှမိုး၏အလိုကို လိုက်လျောကာ ပြုကျင့်၏။ ထိုနည်းဖြင့် မောင်မြသည် သဘောအားဖြင့် လှမိုးကို ကျိုးခဲ့သော်လည်း မောင်မြနှင့် လှမိုး ထိမ်းမြားလက်ထပ်ပြီးသောအခါ ပျော်ရွှင်ဖွယ်ဟု စည်းစိမ်ယစ်သောညအဖို့တွင် လှမိုး၏ နဖူးသနပ်ခါးရေကျဲ လူးထားခြင်းသည် မောင်မြ၏နဖူးအောက်တွင် တည်တော့၏။ လှမိုး၏ မျက်လုံးကလေး နှစ်လုံး မှေးတေးတေးသည် မောင်မြ၏ ပြူးကျယ်သော မျက်လုံးနှစ်လုံး အောက်တွင် ခစားကာ နေရသကဲ့သို့ ရှိလေ၏။

ထိုသို့နှင့် ငါးရက်ခန့်ရှိသော် လှမိုး၏အချစ်သည် မောင်မြ၏ အပေါ်၌ ရစ်၍ရစ်၍ အထပ်ထပ်ဖြစ်နေပေတော့ပြီ။ တစ်လခန့်ကြာပြီး နောက် ညအိပ်ရာဝင်တွင် မောင်မြ၏ပါးစပ်မှ ထန်းရည်ခါးနံ့သည်နံ၍ လှမိုးက ထန်းရည်ခါးနံ့နံသည်ဟု ဆိုရာ –

"အချစ်မီးပူခံနိုင်ရန် ဆေးအမှတ် အသုံးပြုရပါသည်" ဟု တည်ကာ မောင်မြသည် တီတော့၏။

ဤနည်းဖြင့် ဦးလှနှင့် ဒေါ်မိုးရှိစဉ်မှာပင် မလှမိုးသည် မိဘ မသိရသည့် ထန်းရည်သမားမယား ဖြစ်နေရတော့၏။

"သူ့ကိုမရခင် သူ့ထံတွင် ဒူးထောက်၍ သူ့အောက်ကပင်။ သူ့ကို လျှင်ရတော့မှ ကိုယ့်အောက်တွင် သူ့ကိုထား အချစ်ပွားစကားဆင်၊ ကိုယ်ထားရာတွင် သူဝင်ကာလိုက်ခါရော ... မတို့သဘော ..."

ထိုသို့နှင့် ဦးလှ၊ ဒေါ်မိုးတို့၏ အရိပ်လွဲသွားသောအခါ အပျိုဘဝ

mgyoe.com

mgyoe.com



က အလှဂုဏ်၊ ပစ္စည်းဂုဏ်နှင့် မာနကြီးခဲ့သော ထန်းရည်သမား၊ အရက်သမားမယား လှမိုးသည် လင့်သဘောကိုလိုက်လျောကာ သဘောအတိုင်း အချစ်မှိုင်းမိလာခဲ့သဖြင့် မိဘထားခဲ့သည့်ပစ္စည်းတို့သည် ကုန်ပြုန်းကာ လာလေတော့ပြီ။

ထိုအခါ ဦးလှ၊ ဒေါ်မိုးတို့၏ အတိုးစားခဲ့ခြင်း၊ အတိုးကြီးစားခဲ့ခြင်း၊ အမြတ်ကြီးစားခဲ့ခြင်း၊ ငွေနှင့် သူတကာ လယ်ယာမိုးမြေတို့ကို သိမ်းခဲ့ခြင်းအရသာသည် အလွန့်အလွန် မွန်မြတ်လေသလော။

"တစ်ပုံဆိုပါဦး ... မတည်"

"သာကေတမြို့၌ သူကြွယ်ကြီး ဦးဆိုး ... သူကြွယ်ကတော် ဒေါ်ရမ်းတို့သည် ရှိသတတ်။ ၎င်းတို့မှာ သမီးကလေး မယ်မျိုးဟူရှိ၏။ မယ်မျိုးသည် လှ၍ ကြေးငွေဥစ္စာပေါများသော မိဘ၏ သမီးတစ်ယောက်ဖြစ်သော်လည်း အပေါင်းအသင်း၌ အလွန်ရွေဖော်၏။

သူကြွယ်ကြီး ဦးဆိုး ... သူကြွယ်ကတော် ဒေါ်ရမ်းတို့သည် ဆင်းရဲနိမ့်ကျသူများ၏အပေါ်၌ အလွန့်အလွန် ထောက်ထားကြင်နာသဖြင့် အတိုးမဲ့ငွေချေး၏။ ပြန်မဆပ်သော်လည်း နောက်ထပ် ဆက်၍ ချေးသေး၏။ သို့သော် ဆပ်သောသူတို့လည်း ရှိ၏။ မဆပ်သော သူတို့လည်းရှိ၏။

တောင်သူများထံမှ ကောက်ပဲသီးနှံများကို ဝယ်သောအခါ မဆစ်ဘဲဆိုသောဈေးနှင့်ဝယ်၍ ရောင်းသောအခါ ဝယ်ယူစားသုံးသူလူထုမျက်နှာကို ကြည့်ပြီးလျှင် ရောင်း၏။

အလုပ်ရုံများနှင့် ဆက်ဆံသောအခါ ၎င်းတို့ကသာ အနာခံ၍ ဆက်ဆံ၏။ ထို့ကြောင့် သာကေတမြို့ကလေး၌ ဦးဆိုးတို့သည် အလွန်ထင်ရှားနေလေ၏။

ဦးဆိုး၊ ဒေါ်ရမ်းတို့၏သမီး မယ်မျိုးသည်လည်း မာနမရှိသကဲ့

mgyoe.com

သို့ပင် ပေါင်းသင်းဆက်ဆံ နေထိုင်သဖြင့် မြို့ချစ် အမျိုးသမီးကလေး တစ်ယောက်ဖြစ်၏။ ၎င်းသည် အလုပ်အကိုင်၌ မခိုမကတ်ဘဲ မိမိ၏ စီးပွားရေးလုပ်ငန်းကဲ့သို့ လုပ်ကိုင်သော မောင်တုန်းခေါ် လက်လုပ်လက်စားတစ်ယောက်နှင့် အကြောင်းပါလေ၏။

ဦးဆိုးနှင့်ဒေါ်ရမ်းတို့သည် သူတစ်ပါး၏အကျင့်ကိုမရှု၊ သူတစ်ပါးဆင်းရဲသည်ကိုသာ သနားသောကြောင့် ထောက်ပံ့မစမှု ပြုလေ၏။ ဦးဆိုး၊ ဒေါ်ရမ်းတို့ မစထောက်ပံ့သော သူများတို့တွင် အသောက်သမား၊ အလောင်းကစားသမားများ၊ အပျော်ကြူးသူများ၊ အရမ်းသုံးသော အဖြုန်းသမားများတို့ ရှိနေသဖြင့် ၎င်းတို့မှာ လောင်းမပြည့် ဖြစ်နေ၏။ ထိုသူတို့၏ အမွဲစခန်းမှာ သိမ်းမနိုင်အောင် ဖြစ်နေလေ၏။

ထိုသို့ဖြစ်လင့်ကစား အရောင်းအဝယ်တို့မှာကား ဦးဆိုး၊ ဒေါ်ရမ်းတို့၏အထံတွင် အရောက်များသဖြင့် အလွန်နည်းစွာယူသော အမြတ်သည်ပင်လျှင် အမြတ်များနေလေတော့ပြီ။

မောင်တုန်းနှင့် မယ်မျိုးလည်း ဦးဆိုး၊ ဒေါ်ရမ်းတို့၏ ဝါဒအတိုင်း အလုပ်ကို လုပ်ကိုင်ကြလေ၏။ ဦးဆိုး၊ ဒေါ်ရမ်းတို့မှာ အသက်ကြီး၍ ဘဝတစ်ပါးသို့ ပြောင်းသွားသောအခါ မောင်တုန်း၊ မယ်မျိုးတို့လည်း မိဘအမွေအနှစ်ကို ခံယူ၍ မိဘအတိုင်း လမ်းသွားကြလေ၏။

အခါတစ်ပါးသော် မယ်မျိုးသည် သူနှစ်စဉ်လိုပင် မစရသော လူပေါင်းများစွာအပေါ်၌ အကဲခတ်လေရာ သူမ စသော လူပေါင်းများစွာမှာ ဆင်းရဲတွင်းက မတက်နိုင်ဘဲ မှိုင်တွေချကာ မွဲလက်စမဆုံးနိုင်ဘဲ မွဲ မွဲ မွဲ မွဲသာဖြစ်နေသဖြင့် အလွန့်အလွန် စိတ်ပျက်မိလေတော့သတည်း။

"ကိုင်း ဘယ့်နှယ်လဲ"

"မတည်ရဲ့ ဒဏ္ဍာရီက မသဲမကွဲ"

မတည်သည် ပြုံးနေ၏။ ထိုအခါ ကိုသာစီးနှင့် နုနုက ပြောသော

mgyoe.com

mgyoe.com


ပြောပါ၊ ဘယ်သူ့ထိထိ အားမနာပါနှင့်ဟုဆို၏။ ခြီးသည် (ခရီးသည်) ကလည်း ကျွန်တော့်ကိုပင် ထိပါစေဟုဆို၏။ ထို့ကြောင့် မတည်သည် ဒဏ္ဍာရီ တစ်ခုကို ပြောရပြန်၏။

"ရွာတစ်ရွာမှာ ဦးသာစီးဟု လူချမ်းသာတစ်ယောက်ရှိ၏။ ဟုတ်ပြီ"

"ထိုသာစီးသည် အတိုးကြီး မတန်မဆယူ၍ ငွေချေး၏။ ငွေချေးခြင်းစနစ်ဖြင့် ဆင်းရဲသားတို့၏ လယ်ယာကိုင်းကျွန်းတို့ကို သိမ်း၏။ အမြတ်ကြီးစား၏။ ထို့ကြောင့် ချမ်းသာကြွယ်ဝ၏။

"ဦးတည့်မတ်ကား ဦးသာစီးထံ ခင်ဗျား၏ အကျင့်သည် မကောင်းဟုဆို၏။ ဦးသာစီးက ကျွန်တော်၏ လမ်းသွားပုံအကျင့်သည် မကောင်းဟုဆိုသော် မိတ်ဆွေက ကောင်းသောအကျင့်နှင့် လမ်းသွားပါဟုဆို၏။"

"အင်း ... အင်း ... အင်း"

"ထိုအခါ ဦးတည့်မတ်သည် ဦးသာစီးထံမှ မြီစားများကိုခေါ်၍ ဦးသာစီးထံ ဆပ်စရာရှိသော ကြွေးများကို ဆပ်လော့ဟု ငွေနှင့်ထောက်ပံ့ပြီးသော် ထိုသူတို့အား အတိုးမရှိ၊ ငွေကို လုံလောက်စွာချေး၏။

"အင်း ..."

ထိုအလုပ်သမား စသည်တို့အပေါ်၌ အမြတ်နည်းနည်းနှင့်ယူ၍ ရောင်းစရာရှိသည်တို့ကို ရောင်းရာ အကြွေးယူကြသဖြင့် ငွေရင်းပြောင် မတတ် ထိခိုက်လေ၏။

"အင်း ... အင်း ... အင်း"

ထိုသို့ဖြစ်သော်လည်း ဦးတည့်မတ်ထံမှ အတိုးမရှိချေးယူသော သူတို့သည် တစ်နှစ်ရှိသောအခါ မိမိတို့ချေးယူသော ငွေများကို ပြန်မဆပ်ကြသူတို့များ၏။ အချို့မှာ တစ်ဝက်တစ်ပျက်သာ ဆပ်နိုင်ကြ၏။

mgyoe.com

mgyoe.com


စားကြွေးယူသူများမှာလည်း ထိုနည်းလည်းကောင်း ဖြစ်နေ၏။

ထိုသို့နှင့် သုံးနှစ်ရှိသောအခါ ဦးတည့်မတ်သည် မိမိထောက်ပံ့မစသောသူများမှာ တိုး၍သာမွဲသဖြင့် ဦးသာစီးထံသွားပြီးသော်၊ မိတ်ဆွေ ... ခင်ဗျား ကျင့်ကြံပုံသည် မှန်သလား။ ကျွန်တော် ကျင့်ကြံပုံသည် မှားသလားဟု မေးသောအခါ ထိုလူချမ်းသာနှစ်ယောက်သည် အဖြေကို ရှာမရနိုင်ဘဲ မှိုင်တွေချနေကြရလေ၏။

ထိုအခါ စေပိုင်သော ဝိဇ္ဇာကြီးတစ်ယောက်သည် ရောက်လာ၍ သင်တို့နှစ်ယောက် အဘယ်ကြောင့် မှိုင်တွေချကာ အကြံမရဖြစ်နေကြသနည်းဟု မေးလေ၏။

"အင်း ... အင်း ... အင်း"

ဦးသာစီးနှင့် ဦးတည့်မတ်သည် အကြောင်းကို ပြောပြရာ စေပိုင်ဝိဇ္ဇာကြီးသည် ဤသို့ပြောလေ၏။

လောကမှာ ကိုယ့်လမ်းကို ကိုယ်သွားသည့်အတိုင်း ခရီးရောက်ကြသည်။ သဘောတရားကောင်းကို မကျင့်သုံးသောလူမိုက်အား မည်သူမျှ ကောင်းစားအောင် မ မစနိုင်။ ကိုယ့်ကိုယ်ကိုယ် မစမှသာလျှင် ကိုယ်၏ ဆင်းရဲတွင်းမှ လွတ်နိုင်သတတ်ပေတည်း။

ထိုသို့ပြောဆိုကာ စေပိုင်ဝိဇ္ဇာကြီးသည် ပြန်သွားလေသတည်း။

"ဤသည်ဒဏ္ဍာရီအစစ်"

ထိုသို့ပြောဆို၍ ရယ်မောနေကြပြီးနောက် ခရီးသည်သည် ပြုံးပြီးသော် ဤသို့ပြော၏။

"မတည်ကလည်းဗျာ ... တည့်အောင်မပြောဘူး"

"ဘာတည့်အောင်လဲရှင်"

"ကိုသာစီးနှင် မမနုတို့ တည့်အောင်"

"အလိုရှင် ကျွန်မတို့ မတည့်လို့လား"

mgyoe.com

mgyoe.com


"ဆန့်ကျင်ဘက်လူနှစ်ယောက်ဟာ တစ်ယောက်နှင့်တစ်ယောက် မုန်းနေကြမလားလို့ပါဗျာ"

"ဘာကြောင့်မုန်းရမှာလဲရှင်"

"ကိုသာစီးကကော"

"ဟာ ... မနုနုကို မုန်းစရာမရှိပါဘူး"

"ဒါဖြင့်လည်း ... အပြီးသားပဲ"

"ရှင် ဒါဟာ ဘာပြောသလဲ"

"ခင်ဗျားတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မမုန်းကြတော့ တိုင်တိုင်ပင်ပင် တတီးတိုးတိုးနှင့် ကျေးရွာမကြီးရဲ့အကျိုးကို ဆောင်ဖို့ လွယ်ကူပါတယ်လို့ ဆိုတာပါခင်ဗျာ"

(သုံးယောက်သား ပြုံးနေကြလေ၏။ ခရီးသည်လည်း ဆက်၍ ဤသို့ပြော၏။)

"မမနုရယ်... လောကမှာ သူတကာ့အကျိုးကိုဆောင်၊ သူတစ်ပါး ပြောင်ပြောင်လက်လက်နှင့် စီးပွားချမ်းသာတိုးတက်လာမှ လူသေသော်လည်း နာမည်မသေဘဲ ထွန်းပြောင်ကာတည်နေပါတယ်။ ဤ ရွာသည် မမနုရွာကြီးလို့ ဖြစ်စမ်းစေချင်ပါဘိ။ ကိုယ်ကျိုးကိုယ်စီးပွား တိုးတက်ထွန်းကားရန်သာ အကြောင်းရင်းထားခဲ့သော် သူတစ်ပါးဆင်းရဲ ပွေလီနှင့် စိတ်နှလုံး မချမ်းသာအောင် ဖန်တီးရာရောက်သွားပါတယ်။ အဲသည်လို လူများ ဘဝတစ်ပါးသို့ ကူးသွားသောအခါမှာပင် ကျန်ခဲ့သော လောကသားတို့က ကျိန်ဆဲလို့ မစဲနိုင်ဘူးဗျ"

"ဘယ့်နှယ် မနုနု"

"ကိုသာစီးရယ် ...၊ ဒါတော့လည်း လူ့သဘာဝတစ်ခုပဲ"

"ပြီးတော့လည်း ကိုယ့်က သူတစ်ပါးရဲ့အကျိုးလိုလို့ လုပ်တာပဲ။ ပါးစပ်ကလည်း ဖွင့်ပြောတာပဲ။ ဒါပေမဲ့ လူတွေဟာ သူ့ကြောင့်၊

mgyoe.com

mgyoe.com


သူတို့ကြောင့် ဆင်းရဲပွေလီတွေ့နေရရင်၊ သည်သူဟာ ထိုသူတို့ဟာ သူတို့လောကမှာ မရှိစေကာမူ လောကရဲ့ ကျိန်ဆဲနေခြင်းကို အမြင်ခံနေရတတ်ပါတယ်။

"တစ်ကြောင်းလည်းဗျာ ...။ ကိုယ်က စေတနာနှင့် သူတစ်ပါးကို ချီးမြှင့်ထောက်ပံ့ပါတယ်။ ဒါပေမဲ့ ထိုသူဟာ မလိမ္မာ မိုက်မဲနေပြီး သောက်စားယစ်မူးတယ်။ လောင်းကစားကြူးတယ်။ အပျော်ကြူးတယ်။ အဖြုန်းအသုံးအားကြီးတယ်။ ထိုသည့် သူဟာ အမွဲလက်စမသတ် မွဲပြီးရင်းမွဲရင်း ဆင်းရဲတွင်းထဲသို့သာ အတင်းပြေးဆင်းနေတာပဲ။ သည်လိုလူများအား ချီးမြှင့် မစထောက်ပံ့နေရင် ဘယ်လိုယူဆမလဲ"

"ကိုသာစီး ... ဖြေ"

"မ တည်"

"ရှင်တို့ ငွေရှင်ပြဿနာမှာ မုန့်သည်မ မပါ"

"အဲသည်တော့ဗျာ ... ခင်ဗျားတို့ ကိုသာစီးနှင့် မမနု တစ်အိမ်တည်းနေ၊ တတီးတိုးတိုး၊ ဒါမျိုးတွေကို ဆွေးနွေးတိုင်ပင်နေရင် အရေးလှမယ် မဟုတ်လားဗျာ"

"ရှင်... ဒါဟာ ဘာပြောတာလဲ။ ကျွန်မကို နှိပ်တာလား။ နှိမ်တာလား"

"မမနု ... မမနုဟာလှတယ်။ ဉာဏ်ကြီးတယ်။ လှလို့ ... ဉာဏ်ကြီးလို့ သဘောအနက်ကို အချက်ကျမြင်နိုင်တယ်။ အဲသည်တော့ ကျွန်တော်က ခင်ဗျားတို့ တစ်အိမ်တည်းနေဆိုတာဟာ တစ်အိပ်ရာတည်း အိပ်ပါလို့ ပြောတာမဟုတ်ပါ။ ရှင်းပါတယ်။ ညအချိန်မှာ အလုပ်နား၊ အလုပ်နားလို့ စိတ်အေးတဲ့အခါ စိတ်ကူးပေါက်။ အဲသည် စိတ်ကူးပေါက်တော့ သဘောတရားအမှန်ရောက်အောင် ထစမ်း ကိုသာစီး ... ကျွန်မပြောမယ် နားထောင်စမ်းလို့ အကြံရတဲ့အတိုင်း ဆွေးနွေးရင်

mgyoe.com

mgyoe.com


သဘောတရားမှန်ကိုရပြီး သည်ရွာကြီးဟာ စည်ပင်သာယာဝပြောမယ် မဟုတ်လား။ ဒါကိုပြောတာပါ။ ခုတော့ မမနုဘက်သား၊ ကိုသာစီး ဘက်သားဖြစ်နေရင် ရွာဟာ တဖြည်းဖြည်း မသာဖြစ်နေမယ်ဗျာ။ ဒါ ကြောင့် ပြောတာပါဗျာ"

"ရှင့်နှယ်ရှင် ... အပျိုနှင့်လူပျို တစ်အိမ်တည်းအတူနေ၊ ည အချိန် တိတ်တိတ်ဆိတ်ဆိတ် ဆွေးနွေးတိုင်ပင်၊ အလကားတော်ပါ့ မလား"

"မမနု ... မမနုပြောတာ ဟုတ်တယ်။ သာမန်လူများမှာ မတော် ဘူး။ ခုတော့ ကိုသာစီးကလည်း တကယ့်လူပျို၊ မမနုကလည်း အာဂ အပျို။ ဒါကြောင့် သည်အကြံကိုပေးတာပါ။ ဒါပေမဲ့ ... ညအချိန် နှစ် ယောက်ချင်း ဆွေးနွေးတိုင်ပင်လို့ လူသာမန်သဘောအတိုင်း၊ ရိုင်းကြရင် တော့လည်း ဘယ်တတ်နိုင်မလဲ။ ထွေးလုံးရစ်ပတ် ပြဿနာတက်ကလေးတစ်ခု ပေါ့"

"ရှင့်နှယ်ရှင် ..."

"အဟုတ်မပြောဘူးဗျ။ တိုက်တွန်းတာလည်း မဟုတ်ဘူးဗျ။ တကယ်လို့ သည်ပြဿနာပေါ်လာတဲ့အခါမှာ ရွာကြီးဟာတော့ သိပ်ကို ကျက်သရေတိုးတက်ပြီး စည်ပင်သာယာဝပြောကာ အထူး အဆင့် အတန်း မြင့်မှာပဲ။ လောကမှာ စည်းလုံးညီညွတ်လို့ တစ်ဦးရဲ့အကျိုးကို တစ်ဦးက လိုလားသမှုနှင့် ဝိုင်းကြရင် မကြုံစဖူး ထူးကဲတဲ့ မင်္ဂလာကြီး ကိုရမှာပဲ။ သည်မင်္ဂလာကြီးဟာ ကိုသာစီးနှင့် မမနု ပြုံးကြည်သော မျက်နှာနှင့် တစ်ဦးအပေါ်မှာတစ်ဦး ကြည့်နေခြင်းတွင် တည်ပါတယ်ဗျာ။ ဒါကို ရွာပညာရှိ မတည်က မှားတယ်ဆိုရင်ပယ်ပေါ့။ မှန်တယ်ဆိုရင် လည်း မှန်အောင်ဆောင်ပေါ့"

* * *

mgyoe.com

mgyoe.com


ထိုသို့ပြောဆိုကြပြီးသော် လူချင်းခွဲကြလေ၏။ ခရီးသည်သည် ကား ညနေချိန်သော် အစားအသောက်ဆိုင်ကြီးသို့ သွားရောက်၍ စော စောစီးစီးပင် ညစာကို စားပြီးလျှင် ပရိဗိုဇ်ကျောင်းသို့ သွားရောက်လေ၏။

ပရိဗိုဇ်သည် ထိုနေ့၌ကား မူပြောင်းသည့်အလားပင် ထိုသူကို မျက်နှာပြု၍ "ဒကာ တစ်နေ့လုံးလောက်ပင် ဘယ်ကိုများသွားပြီး ဘာလုပ်နေသလဲ" ဟု မေး၏။ ခရီးသည်လည်း ပရိဗိုဇ်ထံ၌ ဤသို့ လျှောက်ထား၏။

"အရှင်ဘုရား ... ဤရွာသည် ဤရပ်ကွက်၌ ရွာမကြီးဖြစ်၍ ရွာနီးချုပ်စပ်တို့၏ မှီတင်းရာ၊ ခိုကပ်ရာ ဖြစ်ပါသည်ဘုရား။ ထိုရွာကြီး၌ နှစ်ဖက်သဘောကွဲလွဲ၍ စီညီသင့်သလောက် မစီညီ၊ ဝန်းဝိုင်းခြင်းလည်း မဲ့သကဲ့သို့ဖြစ်လျက် ကိုယ့်အိမ်တွင် ကိုယ်၊ ငါရွှေကိုယ်တော်ဟု ရွှေကိုယ်တော်လုပ်နေသူတို့ ခေါင်တည်သလို ဖြစ်နေပါသည်ဘုရား"

"အိမ်း ..."

"ထိုသို့ဖြစ်ရခြင်း၏အချုပ်မှာ လောက၌ လူကို ပုံအမျိုးမျိုးသွင်း နေသော စီးပွားရေးပင်ဖြစ်နေပါသည်ဘုရား"

"ဟယ် ... ဒကာ၊ သင့်စကားသည် လေးနက်လှပါဘိ"

"ဆရာတော်ဘုရား ...၊ စီးပွားရေးကို အကြောင်းပြု၍ လုပ်ကိုင် စားသောက်နေထိုင်ခြင်းသည် ဖြစ်ပေါ်လာပါသည်ဘုရား။ ထိုနေထိုင် စားသောက်ခြင်းကိုမှီ၍ လူတို့မှာ ပုံအမျိုးမျိုးပေါ်နေပါသည်ဘုရား"

"အိမ်း ..."

"ထိုသို့ပေါ်ရာတွင် ကိုသာစီးနှင့် သူကြွယ်ကြီးကိုမှီ၍ အချို့က အလကား အသောက်သမား၊ လောင်းကစားသမား၊ အပျော်အပါးသမား များအား အားပေးသဖြင့် ကျေးရွာမှာ အလုပ်အကိုင်၌ ပေါ့တန်သောသူ များ တစ်နှစ်ထက်တစ်နှစ် များလာပြီးလျှင် မြေယာထွက် ကောက်ပဲသီးနှံ

mgyoe.com

mgyoe.com


ရက်ကန်းအလုပ်၊ အိုးအလုပ်တို့ကို ထိခိုက်လာချေပြီဟု တီးတိုးစကားတင်း ဖြစ်နေကြပြီဘုရား"

"အိမ်း ... ငါတို့ ပရိဗိုဇ်ကတော့ကွယ် ဒါကို ဘယ်သိမလဲ"

"အချို့က သူကြွယ်ကြီးသည် ငွေတိုးစားသည်။ ငွေလက်နက်နှင့် လူများကိုဖိစီးကာ နင်းနေသည်။ အမြတ်ကြီးစားသည်။ ထို့ကြောင့် ကျေးရွာမှာ မြေယာလက်မဲ့ပေါ်လာသည်။ ဆင်းရဲနွမ်းပါးသော လူတန်းစားအောက်ကျသူတို့ များလာသည်ဟု ပြောင်ပြောင်ပင် အတိအလင်း လောင်နေကြသူတို့ ရှိနေကြပါပြီဘုရား"

"အိမ်း ..."

"ဤသည် ကျေးရွာကို စိတ်ဝမ်းကွဲစေခြင်းဖြင့် ဖော်ရွေခြင်းမရှိကြဘဲ သူ့ဘက်၊ ငါ့ဘက်၊ ကြားဟု လူသုံးစု တစ်ရွာတည်းနေ ဖြစ်နေကြပါသည်။ ထိုသို့နေမှုကြောင့် အရေးရှိသော် စီညီခြင်းကင်းနေသဖြင့် ဝန်းဝိုင်းကူညီဆောင်ရွက်ခြင်း မဲ့လာကြပါပြီ။ ထိုသဘောသည် ကျေးရွာ၌ ကပ်ဆိုးရောက်လာသကဲ့သို့ပင်ပါဘုရား ..."

"အိမ်း"

"အရှင်ဘုရားလည်း ထိုရွာ၌ ဆွမ်းခံသောအခါ နေ့ပိုင်း၊ ရက်ပိုင်း အခါပိုင်းပြု၍ မည်သူ့ထံတွင်မဆို ဆွမ်းခံခြင်း၊ အလှူခံခြင်း ပြုသင့်ပါသည်ဘုရား"

"ဒကာလျော်ပါ့မလား"

"ပရိဗိုဇ်မည်သည် ဓားကိုမသုံးဘဲ တရားနှင့်ပြုံးခြင်းဖြစ်၍ အသားကိုစားသော ကျားသည်ပင်လျှင် လိမ္မာယဉ်ကျေးနေပါသည်။ ထို့ကြောင့် လျော်ကောင်းလျော်ပါမည်ဘုရား"

"ဟ ... ဒကာရယ်၊ သည်ရွာက အောက်တန်းစားများကတော့ ဒကာယူဆသလို လျော်ကန်သူများ ကောင်း၏။ အလတ်တန်းစားနှင့်

mgyoe.com

mgyoe.com


အထက်တန်းစားများကတော့ အလှူရှိလျှင် တရားမနာ အစားစားဖို့သာ ပဓာနဖြစ်နေတယ်"

"အရှင်ဘုရား ... ကျားသည် အရှင်ဘုရားထံမှာ တရားမနာ၊ ကျားသည် လူ့စကားကို နားလည်ဖို့ ခဲယဉ်းပါသည်။ သို့သော် စိတ်ချင်းကား ခိုက်နိုင်ပါသည်။ အရှင်ဘုရား၏ ဘက်မပါသော မေတ္တာစိတ်ကြောင့် တိရစ္ဆာန်ကျားသည်ပင်လျှင် လိမ္မာယဉ်ကျေးနေပါသည်။ ထို့ကြောင့် အရှင်ဘုရားသည် သတ္တဝါတို့အပေါ်၌ သနားခြင်း၊ သတ္တဝါများ ကောင်းစားချမ်းသာသည်ကို ဝမ်းသာခြင်း၊ သူတစ်ပါး၏အကျိုးကို ဆောင်ခြင်း သဘောတို့နှင့် အရှင်ဘုရားသည် ဆွမ်းခံသည်ရှိသော် ထိုရွာနှင့် စိတ်ချင်းခိုက်၍ ထိုရွာသည် ကျက်သရေမင်္ဂလာ တိုးတက်ရှိပြီးသော် စည်ပင်သာယာဖို့ ရှိနိုင်ပါသည်ဘုရား"

"အိမ်း ... ဒကာကောင်းစွ"

ထိုသူသည် ...ပရိဗိုဇ်ဆရာတော်နှင့် စကားချေခံပြီး နောက် ပရိဗိုဇ်ကိုကန်တော့ပြီးသော် နေလုံးမပျောက်တပျောက်အချိန်တွင်ပင် ထိုသင်္ခမ်းမှ ထွက်ခွာသွားလေသည်။

ထိုခရီးသည် ထိုသင်္ခမ်းမှ ညခရီးပြု၍လာရာ ထိုနေ့ညသည် လပြည့်ကျော်ခုနစ်ရက်နေ့ ညဖြစ်သဖြင့် သက်ကြီးခေါင်းချ အချိန်သာသာလောက်မှ လထွက်မည်ကြောင့် မှောင်မည်းမည်းတွင်ပင် တောလမ်းခရီးတစ်လျှောက်၌ ကြယ်ရောင်တို့ကို အဖော်ပြုရသကဲ့သို့ ရှိလေ၏။

ထိုခရီးသို့သွားသဖြင့် သူငယ်အိပ်ဆိတ်အချိန်ခန့်ရှိသော် လမ်းနှင့် ခပ်လှမ်းလှမ်းတွင် မီးရောင်မြင်သဖြင့် ထိုမီးရောင်သို့ တန်းတန်းမတ်မတ် သွားရောက်လေသော် တောင်ယာကြီးတစ်ခုကို တွေ့ရလေ၏။

ခရီးသည်သည် တောင်ယာအတွင်းသို့ ဆူးတံခါးကိုဖွင့်ပြီး သော် ဝင်သွားရာ တဲကြီးအောက်တွင် မီးဖိုတစ်ခု၌ မီးရဲရဲနှင့်သော ထင်းတုံး

mgyoe.com

mgyoe.com


ကြီးနှစ်တုံး တော့ဆိုင်ထားသည်ကို တွေ့ရလေ၏။

ခရီးသည်သည် တဲပေါ်၌ လူရှိသတတ်ဟု "ယာ့ရှင်ခင်ဗျာ၊ ကျွန်တော် ခဏတည်းခိုပါရစေ"ဟု အခွင့်တောင်း၏။ ထိုသို့ သုံးခွန်း အခွင့်တောင်းသောအခါမှ ဤသို့သောအသံသည် ပေါ်လာ၏။

"အေး ... တဲပေါ်တက်ခဲ့"

"ကျွန်တော် တောင်ယာအတွင်းမှ မလှမ်းမကမ်းတွင်ရှိသည့် ကောက်ရိုးပုံထဲတွင် အိပ်ပါမည်"

"မင်းလူမဟုတ်ဘူးလား"

"လူပါပဲခင်ဗျာ"

"လူဟာ ကောက်ရိုးပုံထဲမှာ တိုးအိပ်ရင် သူခိုးလုပ်စားသော လူဖြစ်မယ်။ တဲပေါ်တက်ခဲ့"

ထိုသို့သောသဘောဖြင့် ခရီးသည်သည် တဲပေါ်သို့တက်ရောက်သွားကာ ထိုင်ပြီးလျှင် ဤသို့စကားဆို၏။

"အဒေါ်ကော ခင်ဗျာ"

"မြို့သို့ ဈေးလိုက်သွားတယ်"

ထိုတောင်ယာရှင်ဦးကြီး၏ သမီးသည် သူ့အနားတွင် အိပ်ရာတစ်ခုကို ကပ်ကာခင်းနေ၏။ ထိုတဲပေါ်၌ မီးရောင်မရှိ၊ ကြယ်ရောင်ဖြင့်လျှင် ဝိုးတိုးဝါးတား မြင်ရသယောင်ဖြစ်၏။ တောင်ယာရှင်ဦးကြီးသည် စကားကို ဆက်မပြောဘဲ တိတ်နေ၍ ခရီးသည်လည်း ပါးစပ်ပိတ်ကာ ထိုင်နေ၏။

ခဏကြာသော် တောင်ယာရှင်၏သမီးသည် "တော့် ... အဲ့ သည် အိပ်ရာခင်းပြီးပြီ အိပ်လော့"ဟု ပြောပြီးသော် တဲအောက်သို့ ခဏဆင်းသွား၏။ အတန်ကြာသော် ထိုမိန်းကလေးသည် ပြန်တက်လာ၍ သူ့အိပ်ရာတွင်ဝင်ကာ အိပ်၏။

mgyoe.com

mgyoe.com


ခရီးသည်လည်း အင်းဟင်ဟုအင်းပြီးသော် ရင်ခုန်လျက် မိန်းကလေးနှင့် တစ်ထွာမျှလောက်သာကွာသော အိပ်ရာတွင် ဝင်အိပ်လေ၏။ ခရီးသည်လည်း မောပန်းသဖြင့် ခဏကြာသော် အိပ်ပျော်သွား၏။

နံနက်လင်း၍ တောကြက်များ အိပ်တန်းဆင်းသောအခါ ခရီးသည်သည် အိပ်ရာမှထ၍ အခင်းကြီးအခင်းငယ်သွားပြီးလျှင် တောင်ယာခြေရင်းရှိ ရေအိုင်မှ မျက်နှာသစ်ရေချိုးပြီးသော် ပြန်လာ၏။ ၎င်းသည် တောင်ယာထဲ၌ အလုပ်လုပ်နေသော မိန်းကလေးကို မြင်ရသဖြင့် အိုးဘယ်လိုဘယ်နည်းနှင့် ဒါလောက်လှပါဘိသနည်းဟုပင် အောက်မေ့တွေးတောစရာ ဖြစ်နေ၏။

ထိုလှပသော မိန်းကလေးသည် ခရီးသည် ဧည့်သည်အား နံနက်စောစောကြီးစာ ဆပ်ကျိုလာပေး၏။ ခရီးသည်သည် တောင်ယာရှင်ဦးကြီးနှင့် ဆပ်ကျိုသောက်ရင်း ဤသို့လျှင် စကားပြောနေလေ၏။

"ဦးကြီးရဲ့ တောင်ယာမဖောက်သေးဘဲကိုး"

"အေးကွယ် ... မင်းကြည့်တော့။ ပဲတောင့်များလည်း ကျန်သေးတယ်၊ ဝါတွေကလည်း ပွင့်တုန်းသီးတုန်း၊ ပဲငမျောက်ဥ ကိုဖော်တုန်း၊ မျောက်ဥ၊ ပိန်းဥများက ရက်နှစ်ဆယ်လောက် လိုသေးတယ်။ ရွှေဖရုံသီးကလည်း သီးတုန်းမှည့်တုန်းကွယ်။ လက်စမသတ်နိုင်သေးဘူးကွယ်"

"ကျွန်တော် တည်းခိုရတဲ့အတွက် အင်မတန်ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ဒါဟာ ကျေးဇူးတင်စရာ မဟုတ်ဘူးကွဲ့။ လူ့ဝတ္တရား"

ထိုသို့ပြောဆို၍ တစ်ညတာတည်းခိုရသည့်အတွက် ခရီးသည်သည် တောင်ယာရှင်အား အသပြာသုံးကျပ် ထုတ်ပေးရာ စကား ဤသို့ဖြစ်ပြန်၏။

"ဒါဘာလဲကွယ့်"

mgyoe.com

mgyoe.com


"ကျွန်တော် တည်းခိုရသည့်အတွက်"

"မင်းနှယ် လူရိုင်းသဘောကို လုပ်တာလားကွယ်။ မင်းငွေကို ငါလက်ခံရင် ငါဟာ လူရိုင်းကြီးဖြစ်သွားမှာပေါ့။ ငါတို့တောင်ယာလုပ်တာဟာ အများအားဖြင့် အနီးအပါးရှိ လူများအတွက်ကွဲ့။ ခု ငါတို့ တောင်ယာထဲမှာရှိသေးတာဟာ ဝါတွေသီးတုန်းကြောင့်၊ သို့မဟုတ်ရင် တောင်ယာဖောက်ပြီးထားခဲ့မှာပဲ"

ခရီးသည်သည် တောင်ယာရှင်အား လူပီသပါပေတယ်ဟု ကန်တော့သွားရင်း ဤသို့စဉ်းစားမိ၏။

တောင်ယာရှင့်သမီးသည် သဘာဝအလျောက် မပြုမပြင် မဆင်မသဘဲနှင့် အလွန်ချောလှပေ၏။ စင်စစ် ကာမဂုဏ်စည်းစိမ်ကို မယစ်ဘဲ အလုပ်အကိုင်အားဖြင့် ထွက်ပေါ်လာသော ကိုယ်လုံးကိုယ်ပေါက်၊ ရာသီဥတုအနေအထားကြောင့် အရပ်အလိုက်အားဖြင့် ရုပ်ရည်သည် မွန်မြတ်သော လှပခြင်းသာပါတကား။ ထိုမိန်းကလေးသည် တစ်မျိုးသောထုံးစံရှိ အမျိုးသမီးလား။ သူ၏ စိတ်နေစိတ်ထားသည် ရိုးသားသောသဘောလား။ သူသည် ညဥ့်အချိန်၌ သူနှင့်ငါ တစ်ထွာမျှပင်မကွာသောနေရာ၌ ပြုပြင်၍ ငါအိပ်ရန်နေရာကို ပြုပြင်ကာ ဧည့်ဝတ်ပြု၏။

ထိုသဘောသည် ဘာလဲ။ မြို့ရွာများမှာနှင့် ကွာခြားလှပါကလား။ သူသည် ငါ့ကို ဘယ်သို့ထင်မှတ်ယူဆပါသလဲ။ ငါ့မှာ ထိုအပြုအမူသည် နက်နဲသောပြဿနာ ဖြစ်နေပေသည်။

ထိုခရီးသည်သည် ထိုသို့တွေးတောကာ ခရီးဆန့်ခြင်းဖြင့် ကမ်းဖြူရွာကြီးသို့ ရောက်သွားရာ အစားအသောက်ဆိုင်သို့ ဝင်လေ၏။ ထိုအစားအသောက်ဆိုင်မှာ အလွန်ဈေးကြီးကာ ရှိလေ၏။

ခရီးသည်သည် အစားအသောက်ဆိုင်မှာ ခဏနေပြီးနောက် ရွာမကြီးအတွင်းသို့ ဝင်သွားလေရာ လူများ တသီတတန်းကြီးတန်း၍

mgyoe.com

mgyoe.com


ဆန်များထုတ်ယူနေခြင်းကို မြင်ရလေ၏။ ထိုအခါ တစ်ယောက်သော သူအား ခရီးသည်သည် "ဒါကဘာလဲဗျ၊ အလှူပေးခြင်းသဘောဖြင့် သူတောင်းစားတွေအား စွန့်ကြဲနေတာလား"ဟု မေးလေ၏။

"မဟုတ်ပါဘူးဗျာ။ ခင်ဗျားညှော်သည်နှင့် တူတယ်။ ဒါက သူကြွယ်ကြီး ဦးတုတ်ရဲ့သမီး မယ်မြတ်လေးကထွင်တဲ့ တန်းစီတိုးစား စနစ်ဗျ"

"အစ်ကို... ဘယ့်နှယ် တန်းစီတိုးစားစနစ်လဲ။ ဆန်းလှပါ ကလားဗျ"

"ကမ်းဖြူရွာမကြီးဟာ အင်မတန်စည်ကားပြီး အနီးအပါးရှိ ရွာများက မှီခိုရတယ်ဗျ။ သည်ရွာမကြီးထဲမှာ ငွေရှင်ငွေငမ်းများ ငွေကိုသာ ပဓာနပြု၍ ဆန်၊ ဆီ၊ ဆား စသော စားကုန်သောက်ကုန်များကို ဈေး တက်ရောင်းနေတာကြောင့် သူကြွယ်ကြီး ဦးတုတ်က ဆန်၊ ဆား တို့ကို တမွဝတီမှာ သွားပြီးချ၊ ဆီကို နယ်မှာ ရသလောက်သိမ်းပြီး အမြတ်ကြီး စားများကို တိုက်တဲ့သဘောနှင့် ထုတ်ပေးနေတာဗျ။ ကနေ့ ဆန်ပေးတဲ့ နေ့ကြောင့် လူတွေတိုးနေတာ"

"သည် သူကြွယ်ကြီးကတော့ ဈေးကို ဘယ်လိုယူသလဲ"

"အလကားပေးတာဗျ။ သည်တော့ လူတွေပြုံကျလို့ သူကြွယ်ကြီး သမီး မမြတ်လေးက တန်းစီစေပြီး ထုတ်ပေးနေတာဗျ။ ဒါပေမဲ့ တိုးကြ တာပဲဗျ။ ဒါကြောင့် အမြတ်ကြီးစားတွေက သရော်တဲ့သဘောနှင့် တန်းစီ တိုးစားစနစ်လို့ အမည်ပေးထားတာဗျ"

"ဒါဖြင့် အတော်ဟန်ကျသဗျာ"

"စိတ်ကူးအရ တွက်ကိန်းအရဆိုသလို မဟန်ပါဘူးဗျာ ..."

"ဘာကြောင့်တုံးဗျ"

"ဘယ်နေ့ ဆန်ပေးမယ် ... ဝေမယ်လို့ဆိုရင် သည်နေ့လူတွေ

mgyoe.com

mgyoe.com



ဟာ တိုးပြီးတန်းစီကြတာပဲ။ သည်တော့ မရှက်ဘဲတိုးနိုင်တဲ့လူတွေက အခွင့်အရေးရကုန်တာထား။ သူတို့သာ ပြန်ပြန်တိုးနေလို့ သူတို့ချည်းရ၊ သူတို့က ဈေးတန်းမှာသွားပြီး ရောင်း။ ဈေးတန်းဈေးသည်က ဈေးကြီးကြီးရောင်း။ မတိုးနိုင်တဲ့လူ၊ အချိန်ကုန်မခံနိုင်တဲ့ သူတွေကတော့ လာရောက်ကာ တိုးပြီးတန်းမစီနိုင်ဘဲ ဈေးတန်းသွားကာ ဈေးကြီးနှင့်ပင် အငတ်မခံနိုင်တော့ ဝယ်ယူရတာပေါ့ဗျာ ...။ ရည်ရွယ်ချက်ကောင်း သလောက် အထမမြောက်ပါဘူး"

ခရီးသည်သည် ထိုနေရာကဖယ်ခဲ့၊ "အင်း... တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်နေပါပြီ။ ဘယ်လိုသဘောပါလဲ" ဟု အောက်မေ့ကာ ရွာမကြီးအလယ် မန်ကျည်းပင်ရိပ်တစ်ရိပ်တွင် ထိုင်နေ၏။ ထိုအခိုက်အတန့်တွင် နွားဝန်တင်များ ဆိုက်လာ၏။ နွားဝန်တင်များ၌ ဆားနှင့်ချည်ပါလာ၏။

နွားဝန်တင်များသည် ထိုနေရာမှတစ်ဖန် ၎င်းတို့၏ သခင်မ အမိန့်အရ ရွာပြင်ဘက်ရေမိုးသင့်ရာ အရိပ်ကြီးတစ်ခုသို့ ရွှေ့ပြောင်းကာ စခန်းချရပ်လေ၏။ ခရီးသည်လည်း ထိုနွားဝန်တင်များနှင့်အတူ မိမိလည်း ဧည့်သည်ဖြစ်သည်အတိုင်း ပါသွားလေ၏။

ခရီးသည်သည် ထိုစခန်း၌ အလုပ်သမားများနှင့်အတူ ရောနှော ပြီးလျှင် ဝန်တင်မှူးနှင့် အကြောင်းသင့်အောင် ဆက်ဆံဖော်ရွေပြီးသော် သဘောကို သိလိုသည့်သဘောနှင့် နေလေ၏။

ထိုသို့ နွားဝန်တင်များနှင့် ဆားများပါလာကြောင်းကို သိကြရ သောအခါ ဈေးတန်းမှ ဈေးသည်မငါးယောက်သည် လာရောက်ကြ၍ ဆားများကို အကုန်ပါသမျှ ယူမည့်အကြောင်းနှင့် စပ်ဟပ်ကြ၏။ သို့သော် မတည့်ကြချေ။ အဘယ်ကြောင့်ဆိုသော် ထိုဈေးသည်မငါးယောက် က ဆားဈေးကို တညီတည်းနှိမ်ကာ ဝယ်ကြသဖြင့် ကုန်သည်ပျိုမ

mgyoe.com

mgyoe.com



မရွှေစုသည် အရှုံးခံကာ မရောင်းနိုင်ဟု ပြောလွှတ်လိုက်၏။

ငင်းကို ခရီးသည်သည်မြင်၍ သိ၏။ "ဟာ စည်းလုံးညီညွတ်ခြင်းသည် ကောင်းသလော၊ ကောင်း၏။ ဘယ်လိုကောင်းသလဲ ကိုယ်ရေးကိုယ်တာအတွက် ကိုယ်ကောင်းစားဖို့ ကောင်း၏။ အင်း ... နီတိသဘောဟာ အတော်နက်ပါကလား"ဟု ခရီးသည်သည် တွေးဆနေ၏။

ဈေးသည်မငါးယောက်တို့ ပြန်သွားကြ၍ မမြင့်မီပင် မြတ်လေး ရောက်လာသည်ကို ခရီးသည်သည် မြင်ရသဖြင့် အကဲခတ်နေ၏။ ထိုအခါ ကုန်သည်ပျိုမသည် မြတ်လေးကို သိကျွမ်းဖူးသူသဘောနှင့် လောလောဖဖကြိုဆိုကာ ဧည့်ခံ၏။ ဤသို့လည်း ပြော၏။

"ကျွန်မ ရှင့်ကိုစောင့်နေတာ၊ ရှင်မပေါ်လာတာနှင့် နွားဝန်တင်များကို ငှားပြီးလာခဲ့တာပဲ။ စေတုတ္တရာ ချည်ချောများကိုလည်း ကျွန်မ ယူခဲ့တယ်"

"ဝမ်းသာလိုက်တာရှင်။ ရှင့်နွားဝန်တင်မှာ ပါသမျှ ကျွန်မအကုန် ယူမယ်"

"ဒါပေမဲ့ဈေးကိုတော့ များများမပေးရဘူးနော် အချစ်"

"ဟာ ... အချစ်စားသာအောင်တော့ ပေးမှာပဲ"

"ကျွန်မစားသာဖို့ မလိုဘူးအချစ်၊ ရွှေဘုန်းတော် ရှင့်အလိုကျ နိုင်ငံသားများ သက်သာချောင်ချိပြီး စိတ်ပျော်လက်ပျော် နေနိုင်ကြတာ သာ အမြတ်ကြီးရှင့်"

"ကျွန်မမှာလည်း ရှင့်လိုပဲ။ သည်တော့ ကျွန်မ ချေတာကို အချစ် လက်ခံရမှာပဲ။ ကိုင်းလေ ဒါတွေကို နောက်မှ ကျွန်မရဲ့အိမ်လိုက်ခဲ့ပါရှင် ...၊ အချစ်ဟာ ကျွန်မရဲ့ ဧည့်သည်ပေါ့"

ထိုသို့ ပြောဆို၍ မြတ်လေးသည် ကုန်သည်ပျိုမကို သူ့အိမ်သို့ ခေါ်ယူသွားလေ၏။

mgyoe.com

mgyoe.com


ခရီးသည်သည် ဝန်တင်မှူးအား ထိုကုန်သည်ပျိုမသည် ဘယ်ကလဲဟု မေး၏။ ဝန်တင်မှူးလည်း ကျွန်တော်တို့ အခစားနားရ၍သာ လိုက်ခဲ့ရပါတယ်၊ ဘယ်ကဟု မသိပါပြောသဖြင့် ခရီးသည်၌ ထိုကုန်သည်ပျိုမကို သိလိုသည့်သဘောသည် စိတ်တွင်ဝင်ရှုပ်လာပြီးသော် ထိုကုန်သည်ပျိုမ၏နာမည်ကို မေးပြန်၏။ ဝန်တင်မှူးလည်း ကျွန်တော်တို့ ဘာမှမသိ၊ နွားဝန်တင်ငှား၍သာ လိုက်လာရပါသည်ဟု ပြောပြီးလျှင် ဤသို့ ဆန်းကြယ်သောစကားကို ပြောပြန်၏။

"မိတ်ဆွေ ကျွန်တော်တော့ အံ့ရောဗျာ။ သည်လိုမိန်းမမျိုး တွေ့ဖူးရန်ထား ... ကြားကိုမကြားစဖူး"

"ပြောစမ်းပါဗျာ ...၊ ခင်ဗျားစကားက နားထောင်ချင်ချင့်ဖွယ်ဖြစ်နေပြီ"

"မိန်းမဆိုတာ အများအားဖြင့် ငွေငမ်းတတ်ပါတယ်။ ငွေ မငမ်းဘူးဆိုရင် ဂုဏ်ငမ်းတယ်။ ဂုဏ်မငမ်းဘူးဆိုပေမဲ့ ထင်ပေါ်ကျော်စောမှု၊ ထင်ရှားမှုကို လိုလားတယ်။ ထင်ရှားမှုကိုပင် မလိုချင်ဘူးထား၊ ကိုယ့်ကိုယ်ကိုယ် ကိုယ်လှချင်ပချင်တယ်ဗျာ"

"အင်း ... ဒါတော့ ဟုတ်တယ်ဗျ"

"ခုသည်ကုန်သည် ပျိုမကတော့ဗျာ။ ကျွန်တော်တို့ထံ နွားဝန်တင်လာငှားတော့ ကျွန်တော်တို့က ကြေးဆိုတယ်၊ သူက မနည်းဘူးလားလို့ မေးတယ်"

"ဩော် ..."

"ကျွန်တော်တို့က ဒါလောက်ပါပဲဆိုတော့ အစ်ကိုတို့ ကျကျနနသာ တင်ပါ၊ ဆောင်ပါဆိုကာ ငွေတစ်ရာပိုပေးတယ်။ ပြီးတော့ ခင်ဗျားသည်လိုမှ ခရီးမထွက်ရသေး၊ ငွေကိုအကျေပေးတယ်"

"ဟင် ..."

mgyoe.com

mgyoe.com


"ဒါကိုထားပါတော့ ...၊ မိမိကုန်သည်ကြီးရယ်လို့ ဂုဏ်မလုပ်ဘူး ဗျ။ ကျွန်တော်တို့နှင့် စားတာ သောက်တာအတူ စခန်းချတော့ ကူညီ ဝင်ရောက်ပြီးချက်လို့ ရေခပ်လို့ဗျ။ ဒါတွေထားပါတော့ဗျာ ... ဘယ်မိန်းမ မဆို ကိုယ်ကိုတော့ နည်းနည်းဖြစ်ဖြစ်သတာပဲ။ ယခုတော့ဗျာ ... ကုန် သည်ပျိုမဆိုတာကို ကျိန်ပြောရမလိုပဲ"

ထိုသို့လျှင် ဝန်တင်မှူးပြောစကားကို ကြားရပြန်သောအခါ ခရီး သည်သည် သာ၍ အံ့ဩသွားပြီးသော် ထိုကုန်သည်ပျိုမကို သိလိုခြင်း သဘောသည် ပြင်းထန်လာလေ၏။

နောက်တစ်နေ့ မနက်သော် မြတ်လေးနှင့် ထိုကုန်သည်ပျိုမသည် လာရောက်၍ ဝန်တင်မှူးအား ရှင်တို့သုံးစွဲဖို့ဆိုကာ အသပြာနှစ်ရာ ပေးလေ၏။ ဝန်တင်မှူးလည်း မမပေးတဲ့ငွေဟာ များလှပါပြီဆိုရာ ကုန် သည်ပျိုမသည်များတာဟာ အစ်ကိုတို့နှင့်မဆိုင်၊ အစ်ကိုတို့ စိတ်ချမ်းသာ ပြီး ရွှင်လန်းရတာသာ ကျွန်မနှင့်ဆိုင်တယ်။ ကျွန်မမှာ ဖြုန်းဖို့သုံးဖို့ လင်မရှိသေးဘူးရှင့်ဟု တည်တည်နှင့်ဆိုလေ၏။

မြတ်လေးလည်း ဝန်တင်မှူးအား ရှင်တို့အား ကျွန်မက သက် သက်သုံးစွဲဖို့ အသပြာတစ်ရာဟုဆိုကာ ပေးပြီးနောက် သည်ကုန်များကို သည်မောင့်နောက်လိုက်ပြီး ကျထဲကိုထည့်ခဲ့ပါရှင်ဆို၍ အမျိုးသမီးနှစ် ယောက်သည် မဖြီးမလိမ်း မဆင်သသော်လည်း ဆံပင်ကို နောက်လှန် ချကာ ဝါးဘီးစိုက်လျက် ပြန်သွားကြသည်မှာ အလုပြိုင်ရင်း လမ်းသွား နေသည်ဟု ထင်ဖွယ်ဖြစ်၏။

ခရီးသည်သည် ထိုအမျိုးသမီးနှစ်ယောက်၏ နောက်ကမယောင် မလည် နောက်ယောင်ခံကာ လိုက်သွားလေ၏။ ထိုအမျိုးသမီးနှစ် ယောက်သည် ဆားအတွက် တန်းစီကာတိုးနေကြသည်ကို ကြည့်နေကြ ၍ ခရီးသည်သည် စွတ်ခနဲဝင်ကာ ဤသို့ဆိုလေ၏။

mgyoe.com

mgyoe.com


"ဆားဖိုးပေးရသေးသလားဗျာ"

"မပေးရပါဘူးရှင် ... အလကားပါ၊ ဒါက ကုန်စျေးနှုန်းကြီးမြင့်တာကိုတိုက်တာပါ"

"သြော် ... ကျွန်တော်သတိရတယ် ခင်ဗျာ"

"ပြောပါဦးရှင်"

"ညောင်ဦးမှာ သူဌေးတစ်ဦး အလှူပေးတော့ သူတောင်းစားတွေ တန်းစီတိုးတာနှင့် တူလွန်းလို့ အကဲခတ်နေတာပါ"

"ရှင် ... အားပါသလားရှင်"

"အားတယ်ဆိုရင် ဆိုထိုက်ပါရဲ့"

"ကျွန်မနှင့် စကားပြောချင်လို့ ကျွန်မအိမ်သို့ ကြွနိုင်မယ်ဆိုရင် ကြွစေချင်ပါတယ်"

"ကျွန်တော်လိုက်ပါနိုင်ပါတယ်"

ခြီးသည် (ခရီးသည်) လည်း မြတ်လေးတို့နှင့် မြတ်လေးတို့၏ အိမ်သို့ လိုက်ပါသွားလေ၏။

မြတ်လေးသည် ခရီးသည်နှင့် ဤသို့ ပြောနေရာ ကုန်သည်ပျိုမသည် တည်တည်နှင့် အနားက နားထောင်နေလေ၏။

"ကျွန်မလည်း စိပြီးတိုးနေရတာကို သဘောမကျဘူးရှင့်။ ရှင်ပြောတော့ သာပြီးစိတ်မချမ်းမသာပါ။ မတိုးရအောင်၊ တန်းမစီရအောင် ဘယ်လိုကြံဆောင်မလဲရှင်"

"ကျွန်တော်လည်း တပ်အပ်ကျတော့ မဟုတ်ဘူးပေါ့ခင်ဗျာ"

"အမိန့်ရှိပါရှင်"

"သည်လို ဆားအလကားပေးတဲ့ နေရာတစ်ခုတည်းရှိတော့ သည် ရွာမကြီးနှင့် အနီးအပါးက လူတွေဟာ ဝိုင်းပြီးတိုးမှာပဲ"

"ဟုတ်ကဲ့"

mgyoe.com

mgyoe.com


"အဲသည်တော့ သည်ရွာမကြီးကို လေးပိုင်းပိုင်း၊ လေးနေရာထား ... အချိန်မရွေး ဆားလိုချင်တဲ့လူ လာယူရတယ်ဆိုရင် အတိုးပပျောက်သွားမယ်ထင်တာပဲ။ ခုတော့ ဆားတစ်နေ့၊ ဆန်တစ်နေ့၊ ဆီတစ်နေ့ ထားတော့ ဝိုင်းပြီးမရမှာစိုးလို့ တိုးကြမှာပဲ"

"ကျွန်မသဘောကျပြီရှင်"

"သည်လိုလည်း ရှိသေးတယ်ခင်ဗျ ...၊ သည် တစ်နေရာတည်းက ဆိုတော့ လူကိုမှတ်မိဖို့ ခဲယဉ်းပါတယ်။ ကိုယ့်အရပ်၊ ကိုယ့်ရွာနှင့်ဆိုရင် မှတ်မိနိုင်မှာပဲ။ အဲသည်မှာ တန်းစီပြီးလာတိုးတဲ့လူတွေဟာ မရှိဆင်းရဲတဲ့ လူတွေချည်းလို့ထင်ရင် အမှားကြီးမှားမယ်ခင်ဗျာ"

"ရှင့်စကားက လေးနက်လာပြီ။ ရေနွေးသုံးပါရှင် ...၊ ဘူးသီးကြော်ပူပူနွေးပါ"

"ကျွန်တော်တို့ မြန်မာလူမျိုးမှာ လူတစ်ရာမှာ ရှစ်ဆယ်လောက်မှတစ်ပါး ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ သူတစ်ပါးက အလကားဝေပေးနေတယ်ဆိုရင် သူတောင်းစားနှင့်တူတာကြောင့် လာပြီးယူဖို့ အတော်ခဲယဉ်းတယ်ခင်ဗျာ"

"ဟုတ်တယ် မြတ်ရယ် ...၊ လူတစ်ရာမှာ ငါးဆယ်လောက်သာ အလကား လာယူမယ်ထင်တာပဲရှင်"

"ခုတော့ရှင် ..."

"သည်လိုပါ ..."

"ဟုတ်ကဲ့ ... အမိန့်ရှိပါ"

"လောကမှာ ခေါင်းပုံဖြတ်ပြီး သက်သောင့်သက်သာနှင့် စားချင်တဲ့လူလည်း ရှိတယ်၊ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကိုင်မစားချင်တဲ့ လူလည်း ရှိတယ်ခင်ဗျာ"

"ဒါတော့ ဟုတ်ပါတယ်"

mgyoe.com

mgyoe.com


"အဲသည်တော့ အဲသည်လိုများက တန်းစီတိုးတာကို အလုပ် တစ်ခုလုပ်၊ လာပြီးတန်းစီ၊ လေးငါးခြောက်ခါ လင်ရောမယားပါ သားသမီးပါတန်းစီ၊ လာတိုး၊ သည်မှာတိုးရတဲ့ ဆန်၊ ဆီ၊ ဆား၊ အင်္ကျီ ကို ဈေးတန်းမှာသွားရောင်း၊ ဈေးတန်းကဝယ်၊ ဈေးကြီးနှင့်ပြန်ရောင်း၊ ကိုင်းဗျာ ဆန်၊ ဆီ၊ ဆား ဈေးကြီးနေတာဟာ ကျပ်ပါ့မလား။ တန်းစီဖို့ရှက် တဲ့လူ၊ မတိုးနိုင်တဲ့လူ၊ တန်းမစီအားတဲ့လူများက ဈေးတန်းမှာ ဈေးကြီး ပေးဝယ်ယူရ။ သည်တော့ သည်ဈေးနှုန်းကြီးမြင့်ခြင်းဟာ ဖြုပ့်မလား ခင်ဗျာ"

"အဲသည်တော့ အလကားဝေငှတဲ့အနားမှာ ဆန်၊ ဆီ၊ ဆားကို ဈေးနှုန်းသက်သက်သာသာနှင့် ဝယ်နိုင်အောင် စီမံထားဗျာ။ ကိုင်း ... ဘယ့်နှယ်လဲခင်ဗျာ။ မမတို့နှစ်ယောက် စဉ်းစားတော်မူကြပါ"

"ကျွန်မ သိပ်ကို ကျေးဇူးတင်တာပဲရှင်။ ရှင်သည်ကနေ့ နံနက်စာ ကို သည်မှာပဲစားပါရှင်"

ခရီးသည် သည် စေတနာကောင်းရှိသူဖြစ်၍ အပေါက်အလမ်း တည့်သွားသဖြင့် ဝမ်းသာအားရရှိပုံပေါ်၏။ ၎င်းသည် ကုန်သည်ပျိုမ ကလေးကို ဘယ်ကလဲ၊ ဘယ်လို ခေါ်ပါသလဲဟု မေးချင်၏။ သို့သော် နောက်ပိုး သို့မဟုတ် ရနိုးထင်သွားမည်ကို စိုးရိမ်သဖြင့် ရင်တွင်းက အစ်မနာမည်သိပါရစေ စသည်ဖြင့် မေးလိုသောစိတ်သည် နှလုံးအိမ်တွင် ရစ်ပတ်နေရုံမျှမက အူထဲကပါ ကရစ်၊ ကရစ်၊ ကရစ်နှင့် မြည်လောက် သည်ကို အောင့်အည်းချုပ်တည်းကာ ထားရပုံရှိလေ၏။

ထိုအမျိုးသမီးနှစ်ယောက်ကလည်း ထိုသူသည် မည်သူနည်း၊ ဘယ်က ဘာလုပ်သောသူနည်းဟု သိလို၏။ မေးမြန်းလို၏။ သို့ရာတွင် မိမိတို့မှာ အပျိုမျှသာဖြစ်နေသည့်ပြင် အပျိုစစ်စစ်ကြီးဖြစ်နေခြင်းကြောင့် မေးမြန်းရန် ဝံ့သော်လည်း မဝံ့သင့်ဟုထင်သဖြင့် မူလေပတ္တသဘောကို

mgyoe.com

mgyoe.com


သာလျှင် စိတ်တွင်းက စဉ်းစားသဟန်နှင့် ရှိနေကြ၏။

ငင်းတို့သည် မြတ်လေး၏အိမ်၌ နံနက်စာထမင်းကို စားပြီးကြ၍ ဒန့်ကျွဲစေ့ရေပူကို ပဲကြော်နှင့် မြည်းသောက်ရင်း ဤသို့လည်း စကားဖြစ်နေကြ၏။

"လူဆိုသောသဘောကြောင့် အနုပညာသဘောကို လိုက်လျောကာ အောင်ခြင်းသာလျှင် ပြည့်ဝသော မင်္ဂလာရှိပါတယ်"

"မှန်ပါတယ်"

"ဒါကြောင့် ကုန်ဈေးနှုန်းကြီးမြင့်လိုတဲ့၊ ကုန်ဈေးနှုန်းကို ကြီးကာရောင်းချနေတဲ့ ဈေးသည်တို့အား သဘောတရားကို နားလည်စေဖို့ရန် အရေးကြီးတယ်လို့ ပညာရှိသူတော်ကောင်းများကဖြင့် ယူဆကောင်းယူဆမှာပါပဲ"

"မှန်ပါတယ်"

"သို့သော် လောဘကြီးသောသူ (ဝါ) အလိုရမ္မက်ကြီးသောသူတို့ထံ သဘောတရားဟာ မချဉ်းကပ်နိုင်။ တုန်လှုပ်မှုအားကြီးသော သူတို့ထံသို့လည်း သဘောတရားဟာ မချဉ်းကပ်နိုင်။ ထောင်လွှားမှုအားကြီးသော သူတို့ထံသို့လည်း ထိုနည်းလည်းကောင်းပါပဲ"

"ဒါလည်း ဟုတ်တယ်နော်အချစ်"

"မှန်တယ်"

"သည်တော့ သည်လိုဈေးသည်များနှင့် ပြိုင်ချရလိမ့်မယ်။ ချရမယ့်ကိစ္စမှာလည်း ကိုယ်တိုင်ပြိုင်ချနိုင်မလား။ ဒါကို စဉ်းစားရမယ်။ ကိုယ်က လူယုံဆိုပြီး ကိုယ်ခွဲဆိုင်ငယ်များကို ဈေးကြီးကစားသူများနှင့် ပြိုင်ချရန် ထားမယ်ဆိုရင်လည်း သည်လူများအပေါ်မှာ စဉ်းစားရမယ်"

"ဟုတ်ပါတယ်"

"မှန်ပါတယ်"

mgyoe.com

mgyoe.com


"အဲသည်ကိုယ်က ထားတဲ့လူဟာ သဘောတရားကို နားလည်ပြီး တိုင်းပြည်လူမျိုးကိုချစ်ကာ ဘုရင်မင်းမြတ်ရဲ့သစ္စာကို မတည်ခဲ့သော် တစ်နည်းတုံ ဘုရင့်အစိုးရ၏သစ္စာကို မတည်ခဲ့သော် သူလည်းအလို ရမွက်ကြီးလာမယ်။ တုန်လှုပ်ခြင်း အားကြီးလာမယ်။ သည်တော့ ငွေမမ်း လာမယ်။ သည်အခါမှာ ကိုယ့်ရဲ့ရည်ရွယ်ချက်ဟာ မအောင်မြင်ဘဲ ရှက် စရာတွေ့လာမယ်"

"ဒါကိုလည်း စဉ်းစားစရာပဲ"

"ဟုတ်တယ်အချစ် ...၊ သည်သဘောဟာ အတော်အရေးကြီး တယ်"

"အဲသည်တော့ခင်ဗျာ၊ ကုန်ဈေးနှုန်းကိုကြီးမြင့်ပြီး ဈေးကစား နေတဲ့ ဈေးသည်များအား သဘောတရားကို နားလည်အောင် နားမှုတ်ပေး ရမယ်။ သူတို့သဘောတရားကို မဝင်ဆံ့ သို့မဟုတ် အသိခေါက်ခက်နှင့် အဝင်နက်ခဲ့သော်၊ ဝယ်ခြမ်းစားသုံးသူများဟာ သည်းမခံနိုင်ဘဲ အတင်း ဝင်ရောက် လုယက်ကြချေသော် တရားခံကိုလည်း ရှာဖို့ခက်မယ်။ ရွာစိုး လည်းတတ်နိုင်မှာမဟုတ်။ ဒါကို ဈေးကြီးရောင်းတဲ့ ဈေးသည်တွေသိ ထားရင် ကုန်ဈေးနှုန်းကြီးမားခြင်းဟာ လျော့သွားမှာပဲ။ မသွားရင် တစ်နေ့နေ့မှာ သူတို့ဆုံးပါးပျက်စီးရမှာပဲ။ ဒါဟာ သဘာဝလို့ထင်တာပဲ"

"အချစ် ... မမကေသီရဲ့အကြံနှင့် သည်သဘောဟာ ယိုးမှားပဲ"

ထိုစကားကို ခရီးသည်သည် နှလုံးသွင်းထားကာ မှတ်ထား လိုက်သကဲ့သို့ ဖြစ်နေ၏။ ခရီးသည်သည် ထိုစကားကို အဘယ်ကြောင့် မှတ်ထားဘိသနည်း။ ကေသီသည် သူ၏အမဲကောင်လား။ ကေသီသည် ဘယ်မှာလဲ၊ ဘာလုပ်နေသလဲ။

ခရီးသည်သည် ကေသီသည် ဘယ်မှာဘာလုပ်နေသည်၊ မည်သို့ သော အမျိုးအစားဟု မြတ်လေးထံတွင် စုံစမ်းလိုသော်လည်း သင့်မသင့်

mgyoe.com

mgyoe.com


ကို ချင့်ချိန်နေ၏။ ခရီးသည်သည် အတော်ပင်နက်နဲသော စိတ်ထားရှိ၍ သူ၏လျှို့ဝှက်သောအကြောင်းသည် အရိပ်အငွေ့ပေါ်မလာရန်ပင် အတော်ချုပ်တည်းထား၏။

ထိုသို့မှာပင် ကုန်သည်ပျိုမသည် လွှတ်ခနဲ ကေသီသည် ဘယ်မှာများ ဘာလုပ်နေပါလိမ့်မလဲဟု သိလိုသူတစ်ယောက်ဖြစ်ခြင်းကြောင့် မေးလိုသည့်သဏ္ဌာန်နှင့် မေးလေ၏။

မြတ်လေးလည်း ကုန်သည်ပျိုမ၏အမေးကို ပြုံးရယ်ကာ အပျော်အပါးစကားမျိုးအနေနှင့် "အချစ်ရယ်၊ ကေသီဝိဇ္ဇာသဘင် အစည်းအဝေး တက်နေမှာပေါ့"ဟု ပြောပြီးလျှင် ရယ်ကြလေ၏။

ထိုအခါ ခရီးသည်သည် ငါ၏ယူဆချက်ကား မှန်လေစွဟု သူပြောလို၊ မေးလိုသော စကားတို့ကို သိမ်းထားလိုက်လေ၏။

သို့နှင့်ပင် ခရီးသည်သည် ပြန်သွားပြီးနောက် နောက်တစ်နေ့တွင် ခရီးဆက်လက်သွားလေသည်။

ခရီးသည်သည် ဆိတ်ထိန်းရွာကြီး၌ သုံးရက်နေပြီးနောက် ခရီးကို တုံ့၍ ညခရီးအဖြစ်နှင့် သွားနေလေ၍ တစ်ခုသောစခန်းသာတွင် "ဟေ့ ညလူလား၊ နေ့လူလား" ဟု မေးသံကို ကြားရလေ၏။

ခရီးသည်ကား ထိုအသံသည် ဘေးဖြစ်စေနိုင်သော အသံဖြစ်ကြောင်းကို သိသော်လည်း တုန်လှုပ်ခြင်းမဲ့သော သဘောနှင့် "ညမှာ ခရီးသွားနေတာပဲ ...၊ ညလူပေါ့"ဆိုကာ အသံထံချဉ်းကပ်သွားရာ လူသုံးယောက် ရေနွေးကျို၍ အမဲသားအား ကင်နေသည်ကို တွေ့ရလေ၏။

ထိုလူသုံးယောက်သည် ခရီးသည်ကို သေချာစွာ ကြည့်ရှုအကဲခတ်ရာ ထိုသူသည် ကြောက်ရွံ့တုန်လှုပ်ခြင်းမဲ့ ဖြစ်၏။ ၎င်းသည် ည၌ အချိန် တစ်ယောက်တည်း ခရီးသွားရာတွင် တစ်စုံတစ်ရာသော လက်နက်မျှမပါ၊ စွမ်းပကားရှိသူဖြစ်တန်ရာ၏ဟု ယူဆကြ၍ တစ်ယောက်

mgyoe.com

mgyoe.com


သောသူက ခင်ဗျား ညလူပေါ့ဟုဆို၏။

"အဆွေ၊ ညမှာ ခရီးသွားသူ ညလူပဲ။ ညလူသည် ညမှာသာ ခရီးသွားသလား"

"အဆွေ့စကားသည် နက်သည်။ ကိုမှူ ဘယ့်နှယ်သဘော ရသလဲ"

"ဟုတ်တယ်ဗျာ နက်တယ်။ ညလူဟာ နေ့မှာလည်း ခရီးသွားတယ်။ နေ့မှာလည်း အလုပ်လုပ်တယ်။ နေ့လူဟာလည်း ညမှာ ခရီးသွားမယ်။ ညမှာလည်း အလုပ်လုပ်မယ်။ ဒါဟာ သဘောတရားပဲ။ အဆွေ ...၊ ဒီလမ်းခရီးမှာ တစ်ယောက်တည်း ညအချိန် မိမိကိုယ်ကို ကာကွယ်ရန် ဘာလက်နက်မှမပါဘဲ လာတာဟာ ခပ်ခက်ခက်ပဲ"

"ကိုယ်ဟာ သူတစ်ပါးအပေါ်မှာ စော်ကားထားသူမှ မဟုတ်ဘဲနှင့် ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန်လိုသလားဗျာ"

"ဟုတ်တယ်ဗျ ... ကိုမြသီး"

"ခင်ဗျား သည်လမ်းမှာ ကျားပေါတယ်ဗျ"

"ဟာ... ကျားကိုကြောက်ကြပေမဲ့ ... ကျားဟာ ကြောက်စရာ ကောင်းလား"

"ဘယ့်နှယ် ... ကိုဇော်ဝင်း"

"အဆွေ ကျားနှင့်တွေ့ဖူးသလား"

"တွေ့ဖူးသပေါ့"

"ကျွန်တော်ပြောတာကို ခင်ဗျားတို့ မြင်ဖူးမှာမဟုတ်ဘူး။ ရယ်စရာဟုထင်သော် ကျွန်တော် အလကား လူရွှန်း၊ လူပေါဖြစ်နေမှာပေါ့"

"ဟာ အဆွေ၊ ကျွန်တော်တို့ မမကေသိုလူ၊ ပြောပါဗျာ"

ခရီးသည်သည် ထိုစကားကိုကြား၍ အတော်ပင် ဝမ်းသာသွားပြီးသော် ဤသို့ပြောလေ၏။

mgyoe.com

mgyoe.com


"ကျွန်တော် ပရိဗိုဇ်တစ်ပါး၏ သခ်မ်းမှာ ကျားကြီးနှင့်အတူ မိးငွေ့ ကိုလှုံဖူးပါတယ်"

"တစ်နေ့သောညမှာ ကျွန်တော် သည်လိုပဲ ခရီးသွားရာ ညအချိန် လကတော့သာသပေါ့ဗျာ။ ဒါပေ့ ဆီးနှင်းများဟာ ပတ်လေးလည် မှိုင်းပြီးဆင်နေတယ်။ သည့်အတွင်း တစ်ခုသောရေစမ်းအနီးမှာ ကျားကြီး တစ်ကောင်ဟာ သားကောင်ကိုဖမ်းပြီး စားနေတာကို တွေ့ရတယ်။ ကျွန်တော် သူ့အနားဖြတ်သွားတော့ ဟင်း ... ဆိုကာ ကျားက အစား မာန်ယစ်ပြီးဟိန်းတယ်။ ကျွန်တော်ကလည်း အသံထွက်အောင်ရယ်ပြီး သွားမည့်လမ်းကိုသွားတာပဲ"

"ခင်ဗျားစကားဟာ ယုံတမ်းစကားဖြစ်နေပြီ"

"အဲ ... ဒါကြောင့်ပြောတာ။ ဒါဟာ သဘာဝဗျ"

"ကျားဟာ ကိုက်တတ်တယ်ဗျ"

"ခွေးနှင့် ဘယ်လိုနေမလဲ။ ခွေးဟာလည်း ကိုက်တတ်တယ်။ ခွေးမှာတော့ ပိုင်ရှင်နှင့်၊ ကျားမှာ ပိုင်ရှင်မရှိဘူး။ ခွေးရဲ့ပိုင်ရှင်ကြောင့် ခွေးကိုက်ခံရတယ်။ ကျားက လူကိုကိုက်စမ်းပါလား။ သိမှာပေါ့"

"ကျားဟာ ခွေးထက်အားကောင်းတယ်ဗျ"

"ကျားဟာ သူ့ထက်အားကောင်းတဲ့ ဆင်၊ ပြောင်၊ စိုင်တို့ကို ဖမ်းပြီးစားတယ်။ ပင့်ကူဟာ သူ့ထက် အင်မတန်အားကောင်းတဲ့ မြွေ ဦးနှောက်ကို ဖမ်းစားတယ်။ ဒါကြောင့် ပင့်ကူကို လူက ကြောက်ရမှာ လား"

"ခင်ဗျား ... အတော်ကတ်သီးကတ်သတ်စကား ပြောတယ်ဗျာ"

"ခင်ဗျားတို့ ဘာမှမစဉ်းစားဘူး။ ကျားဟာ လူဝံကို ကြောက် တယ်။ ခင်ဗျားတို့ မကြားဖူးဘူးလား။ ဘာကြောင့် ကျားဟာ လူဝံကို ကြောက်သလဲ။ လူဝံက သူ့ကိုမကြောက်လို့။ ပြီးတော့ အင်မတန်ကြီးတဲ့

mgyoe.com

mgyoe.com


ကိုးတောင်ကျားကြီးဟာ ကြောင်သာသာရှိတဲ့ ကျားနက် သို့မဟုတ် ကျားမင်းကိုကြောက်တယ်။ ဒါဘာကြောင့် ...”

“ခင်ဗျား မမကေသီနှင့် တွေ့စမ်းစေချင်တယ်”

“တွေ့ပေါ့ဗျာ”

ထိုသူသုံးယောက်တို့သည် ခရီးသည်ကို ၎င်းတို့၏သခင် မကေသီထံသို့ ခေါ်သွားလေ၏။

“အလို ... ကိုဇော်ဝင်း၊ ရန်သူတစ်ဦးကို ခေါ်ယူလာခဲ့သလား”

“ရဲရင့်သောခရီးသည်ပါ”

“သြော် ... ခရီးသည်တဲ့လား။ ကိုအောင်သူဟာ ခရီးသည်ဖြစ်လာတယ်နော်”

“ဟုတ်ပါတယ်”

“ဘယ်ကို ဘာကိစ္စ တစ်ယောက်တည်းသွားရသလဲ”

“ဒေါ်ကေသီ၊ သည်မှာ ဘာကြောင့် တစ်ယောက်တည်း နေပါသလဲ”

“အလို ... ဘယ့်နှယ် ဒေါ်ကေသီတဲ့”

“မသိလို့ပါခင်ဗျာ ... သခင်မ”

“အို ... ကျွန်မ၊ သခင်မမဟုတ်ဘူး”

“ဒါဖြင့် မမကေသီ”

“ဟာ ... ရှင်ဟာ ဘယ်လိုလူလဲ။ ရှင် ဖောက်ပြန်လာသလား”

“ကျွန်တော် ခရီးသည်ပါ။ ခရီးသည်အစစ်ပါ”

“ကျွန်မ ... မမကေသီလည်း မဟုတ်ပါ။ မိကေသီပါ”

“အလိုလေး ... မိကေသီဆိုရင် ကြောက်စရာကြီးပါလား”ဆိုကာ ခရီးသည်သည် ဦးခေါင်းကိုယုံ့၍ ကိုယ်ကိုကျုံ့ပြီးသော် ပုနေလေ၏။

“ရှင် ... ဒါဟာဘာလဲ”

mgyoe.com

mgyoe.com



"ကြောက်လွန်းလို့ပါ"

"ဘာကြောင့် ကြောက်ရသလဲ။ မိကေသီဟာ ကျားမလား ...၊ ဘီလူးမလား"

"ကျွန်တော်ဟာကျားဆိုရင် ဘယ်လိုကျားကိုမှမကြောက်၊ ဘီလူးကိုတော့ ကျွန်တော်မမြင်ဖူးဘူး။ သိလည်းမသိဘူး။ မမကေ မြင်ဖူးသလား"

"ရှင်ဟာ မချိုမချဉ်သိပ်ပြောတာပဲ"

"မမကေကတော့ ချိုတာကိုပြောသလား၊ ချဉ်တာကို ပြောသလား"

"ရှင်ကြောက်တာကိုပဲ ပြောပါ။ ကျွန်မဟာလည်း မမ မဟုတ်ပါဘူး"

"မိကေသီဆိုတော့ မိသောကေသီ၊ မိခြင်းသည် ဖမ်း၍မိခြင်းဖြစ်သည်။ ကျွန်တော့်ကိုများ ဖမ်းထားမလားလို့ ကြောက်လွန်းလို့ပါခင်ဗျာ"

"ကျွန်မဟာ ဖမ်းတတ်သူမဟုတ်ပါ။ မကြောက်ပါနှင့်၊ ရဲပါ။ ကိုင်း ... ရှင်တို့ နေသားတကျရှိပါ"

ဟုတ်ကဲ့ဆိုကြ၍ ဇော်ဝင်းတို့သည် သူတို့၏နေရာသို့ ပြန်ကြလေ၏။ ခရီးသည်လည်း ဤသို့စကားဆက်လေ၏။

"သည်လူသုံးယောက်ဟာ မကေပိုင်၊ မကေရဲ့ လူများပါလား"

"ရှင်မေးတဲ့စကားကို ကျွန်မ နားလည်တယ်"

"မကေ နားလည်တာနှင့် ကျွန်တော့်အမေးဟာ လွဲမှာပါပဲ"

"လွဲလွဲ၊ မလွဲလွဲ ရှင့်အမေးကို ကျွန်မဖြေမယ်။ ရှင်စဉ်းစား"

"ဟုတ်ပါ့ ..."

"ကျွန်မပိုင်လား ... မေးတာက ကျွန်မ အလိုရှိသလို အသုံးချနေတာလား။ ကာမမေထုန်မှုနှင့် အလိုရှိသလို သည်လူသုံးယောက် အသုံး

mgyoe.com

mgyoe.com


ပြုနေသလား။ အသုံးပြုနေတဲ့ ကျွန်မရဲ့လူလားလို့ ရှင့်မေးခွန်းကို ယူဆ ရင်ရတယ်။ ရှင်ဟာ စကားတတ်တယ်"

"ဟာ ..."

"မဟာနှင့်။ ရှင် ထင်ထင်၊ မထင်ထင် ထင်ထိုက်တယ်။ ဘာကြောင့်၊ ညအချိန် တောကြီးထဲ တိတ်ဆိတ်ရာမှာ မိန်းမတစ်ယောက်နှင့် ယောကျ်ားသုံးယောက်ကို။ အကယ်၍ မိန်းမက မေထုန်ကိစ္စမှာ သဘောမတူ အလိုမရှိစေကာမူ ယောကျ်ားဆိုသည်မှာ ယောက်ကားရားလည်း ရှိသေး၍ အတင်းဝိုင်းကာ အလှည့်စီပျော်ပါးသော် ဘာတတ်နိုင်မလဲ။ ရှက်သေးရင်မြုံနေပေါ့"

"မမကေဟာ သိပ် အပြောရက်စက်ပါကလား"

"တော်ဖြောင့်တဲ့သူမှာ ပရိယာယ်၊ မာယာ၊ အပလိန်းမရှိဘူးရှင့်။ ရှင်ထင်တဲ့အတိုင်း အများ အမြတ်ကြီးစား၊ အရင်းရှင် ခေါင်းပုံဖြတ်တို့ စွပ်စွဲယူဆတဲ့အတိုင်း မှန်ပါစေ။ ဘာဖြစ်သလဲ။ တံခါးပေါက်များဟာ ကိုယ်စီကိုယ်င တာဝန်ကျေအောင် အလုပ်လုပ်ခြင်းသာပါကိုလား"

"ကျွန်တော် သည်လိုမထင်ပါ"

"ထင်ပါ...၊ ယူဆပါ ...၊ ငြင်းဆန်လို့ ဘယ်သူကမှမယုံ။ သည်တော့ ဟုတ်တယ်ထား။ ဘာဖြစ်သလဲ"

"ဟုတ်တယ်လို့ ကျွန်တော်မဆိုပါ။ အကယ်၍ အများက စွပ်စွဲတဲ့အတိုင်း ဟုတ်ခဲ့ချေသော် ပေါ်လောကြီးပေါ်နေမှာပေါ့"

"ရှင် ... သည်စကားကို အမှန်ပြောတာလား"

"အမှန်ပြောတာပါ"

"အမှန်ပြောရင် ... ရှင်မစုံလင်တဲ့ လူ့လောကမှာ အပုံကြီးလိုသေးတယ်။ အဖြည့်ခံလူတစ်ယောက်ပါလား"

"အမိန့်ရှိပါ ..."

mgyoe.com

mgyoe.com


"မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ပြီး တစ်ယောက်နှင့် ဆက်တိုက် မေထုန်ကစားရင် ဘယ်တော့မှ ပေါလောကြီးမပေါ်နိုင်ဘူး"

"ဟုတ်တယ်"

"ကိုယ်သဘောကျ နှစ်ခြိုက်သူတစ်ယောက်နှင့်သာဆိုတော့ မိန်းမတို့ရဲ့ သန္ဓေတိုက်ခန်း သန့်ရှင်းတဲ့အချိန်အခါ အယုတ်ဆုံး ဆယ့်ငါးရက်အတွင်းမှာသာ ရှင်ပြောသလို သဘာဝကို ပကာသနမဖုံးနိုင်လို့ ပေါလောကြီးပေါ်နေရတယ်။ ကျန်ရက်များမှာကား အလိုမရှိ၊ ပိပိစိစိကြီး ဖိထားနိုင်တယ်မှတ်ပါ။ သို့သော် သန္ဓေတိုက်ခန်း သန့်ရှင်းစင်ကြယ် နေတဲ့အချိန်မှာ ထိုမိန်းမသည် ထိုအမှုကို အလိုရှိတောင့်တနေအံ့၊ ဖျော်ဖြေဖို့ ကျွန်မတတ်တယ်။ အဲသည်တော့ … မိကေသီကို ရှင်ထင်ချင်သလိုထင်။ ထင်ချင်တာ၊ ယူဆချင်တာတွေ ထင်ပြီးယူဆ၊ ကျွန်မဒါကို ရှင်းချက်မထုတ်ဘူး။ မငြင်းဘူး။ ရှင့်ကိုပဲ ယခု ကျွန်မသည်ကိစ္စနှင့် ပတ်သက်ပြီး ပိုင်နေပြီ"

"မမကေသီရယ် … တကယ် ရက်ရက်စက်စက် ပြောပါကလား"

"ပြောရမယ်လေ … ရှင်ဟာ ဘုရင်မင်းမြတ် စောခင်နှစ်ရဲ့ လက်သုံးသူဌေးကြီးကို မိကေသီက မေထုန်ကစားပြီး သတ်ပစ်လိုက်တယ်လို့ အရည်းတွေက လက်ထောက်ချတာနှင့် ရှင်ကျွန်မကို စုံစမ်းဖို့ လိုက်နေတယ်။ ဒါကို ကျွန်မ ဟုတ်တယ်၊ မဟုတ်တယ် ဘာမှမပြောဘူး။ သည်မှာ ရှင်နှင့်ကျွန်မ ညဥ့်အချိန် တောကြီးထဲမှာနှစ်ယောက်တည်းရယ် …၊ သက်သေမရှိဘူး။ ရှင်ကျွန်မရဲ့လက်တွင်းမှာ ရောက်နေတယ်။ လာရှင် … ပျော်ပျော်ပါးပါး မေထုန်ကစားကြစို့ဦးဆိုရင်လည်း ကျွန်မရဲ့ ပေါင်ဖျားကိုပင်မြင်ရုံနှင့် ရှင် ကျွန်မနောက်ပါလာရမယ်"

"အလိုလေး … မမကေသီ"

mgyoe.com

mgyoe.com


"ရှင် ကျွန်မကို လန့်စရာမရှိ။ သည်ကာမမေထုန်မှုမှာ မိကေသီ ခြောက်စပ်ကလည်တယ်။ မိကေသီ ဘယ်လိုမိန်းမစားလဲဆိုတာကို ရှင်မှတ်သွား"

"ဟုတ်ကဲ့ ..."

"ခု တမ္ဗဝတီစောခင်နှစ်မင်းအချိန်မှာ ငွေ့ရှင်ခေါင်းပုံဖြတ်၊ အမြတ်ကြီးစား ဦးယက်သဲ့တို့နှင့် ဘုရင်၊ ဘုရင့်အစိုးရဟာ တိုက်နေတယ်ဆိုတာကို ရှင်ခဲလူးအိမ်ရှေ့မင်းရဲ့လူ ကိုအောင်သူပဲသိမှာပေါ့"

"သိပါတယ် ..."

"ခု ကျွန်မဘာလုပ်နေသလဲလို့ ရှင်သိရဲ့လား။ ကျွန်မဟာ သူဌေးကြီးဦးတောင်လုံးကိုသတ်ပြီး တောတွင်းမှာ ရှောင်တိမ်းနေတယ်လို့ အရည်းများရဲ့ ကောလာဟလစကားအရ ရှင်လည်းထင်ချင်ထင်မယ်။ ခဲလူးနှင့် ပျဉ်ပြားကတော့ မထင်ဘူး။ ဒါပေမဲ့ နေပြည်တော်မှာ မိကေသီ ပျောက်နေတော့ ဇဝေဇဝါပေါ့ရှင်"

"ဟုတ်တယ် ..."

"ဦးတောင်လုံးကို ဘယ်သူသတ်တယ်လို့ မသိကြဘူးပေါ့။ ဒါကို ထားဦး။ ကျွန်မဟာ စောခင်နှစ်နှင့် စောခင်နှစ်အစိုးရ၏ သစ္စာခံဘက်တော်သူ၊ ယခုအမြတ်ကြီးစား ခေါင်းပုံဖြတ် ငွေ့ရှင်တွေကို နှိမ်နင်းနေတယ်"

"အင်း ... ဩော် ..."

"ကျွန်မမှာ လူယုံလက်သုံး တစ်ရာ့ငါးဆယ်ရှိတယ်။ ဒါကို လက်သုံးဆိုလို့ အထင်မလွဲနှင့်။ ကျွန်မ ပျော့သေသွားမယ်။ ဒါမှမဟုတ် သူတို့ချင်း သတ်သေကုန်မယ်။ ခု ကျွန်မ အဘယ်မျှလောက် စိုပြည်တယ်၊ အသွေးအရေတက်တယ်ဆိုတာကို ရှင်မြင်နေရပြီ။ နက်ဖြန်နေ့ အချိန်မှာ သာ၍ ထင်ထင်ရှားရှားမြင်နိုင်သည်။ ရှင် သကာမကင်းခြင်းကို

mgyoe.com

mgyoe.com


သေသေချာချာပြနိုင်သည်။ ခုလည်း ... ကြည့်ရှင်၊ ကျွန်မရဲ့ မြင်းခေါင်းအထက်ရေက မိုးတင်ကို ဟောသည်မှာ အကြောပြတ်နေသလားလို့"

(ခရီးသည်ကား ကျောစိမ့်ကာ ဖိမ့်ဖိမ့်တုန်မတတ်နှင့် ဤသို့စကားကူးလူးကြ၏။)

"ကိုင်း ... ဆက်ပါဦးခင်ဗျာ"

"ကိုသာစီးတစ်ယောက် မွဲရတော့မယ်။ တာရှည်မခံနိုင်တော့ဘူး။ ဒါကြောင့် ရှင်းလင်းထိုက်သူကို ရှင်းလင်းမလို့ အကြံထုတ်နေတယ်"

"ဒါဖြင့် ခင်ဗျာ ... သည်အကြံကို ဖျက်လိုက်ပါတော့"

"ဘာလဲ ... ကိုအောင်သူ နုနုထံမှာ ကျခဲ့ပလား။ အချစ်ရည်ထည့်ခဲ့ပလား"

"မဟုတ်ပါဘူး"

"ဘာလဲ ... ရှင်မှန်မှန်ပြောပါ"

"ကိုသာစီးနှင့်မနုနု မကြာမီ အကြောင်းပါပြီး မနုနုဟာ သဘောတရားကို နားလည်လာလို့ ကိုသာစီးရဲ့သဘောအတိုင်းလမ်းသွားမှာပါ"

"သေချာသနော်"

"သေချာပါတယ်"

* * *

နောက်တစ်နေ့သော် အောင်သူနှင့် ကေသီသည် ကညင်ပင်ရိပ်တစ်ခုတွင်ထိုင်၍ ဤသို့ ဆွေးနွေးနေကြလေ၏။

"မမကေသဘောအတိုင်း ဆောင်ရွက်နေတာဟာ အထမြောက်ရဲ့လား"

"လူပန်း၊ စိတ်ပန်းသလောက် အထမမြောက်ဘူးရှင့်"

"မမြတ်လေးဆောင်ရွက်တာလည်း သည်လိုပဲ၊ မတော်မလျော်

mgyoe.com

mgyoe.com


အမည်တပ်ခံရသေးတယ်”

“လူများက သဘောတရားကို နားမလည်နိုင်ဘူး။ ကုန်ဈေးနှုန်းကြီးလေးခြင်းဟာ ခု ကမ်းဖြူနှင့် ဆိတ်ထိန်းရွာမကို ရောက်လာပြီ”

“သဘောတရားကို နားလည်တယ်ဖြစ်စေ၊ နားမလည်တယ်ဖြစ်စေ ... လူတိုင်း ချမ်းသာကောင်းစားချင်တယ်။ ဓိမ်ယစ်ချင်တယ်။ သူများထက် ငါသာတယ်ဆိုတဲ့သဘောကို ရောက်သွားအောင် တုပဝတ်စားချင်တယ်။ လက်ဝတ်လက်စားကို ဆင်ချင်တယ်။ သည်တော့ အမြတ်များများလိုချင်တယ်။ အမြတ်များများရအောင် အမြတ်ကြီးစားချင်တယ်”

“ခက်တယ်နော်”

“မခက်နှင့် ... နေပြည်တော်ကစပြီး မင်းကတော်၊ စိုးကတော်များ၊ မင်းစိုးများ၊ သူတို့ရဲ့သားသမီး အခြံအရံ အသိုင်းအဝန်းများက ဒါဟာ အမြတ်ကြီးစားဆိုတာကို မသိဘဲ တင့်တင့်တယ်တယ် တစ်ယောက်ထက် တစ်ယောက်သာအောင် တုပဝတ်စားနေထိုင်ကြတော့ သူဌေးသူကြွယ်၊ လူကုံထံများကလည်း သည့်အတူနေလာကြတယ်။ အသည်များကလည်း နေလာကြတယ်။ သည်တော့ အမြတ်ကြီးစားခေတ်ဟာ ထွန်းကားလာတာပေါ့”

“သည်လိုလည်းရှိသေးတယ်ရှင့်”

“ဆိုစမ်းပါဦးဗျာ”

“အရည်းများကလည်း သူတို့ရဲ့ ဒကာ၊ ဒကာမများ၊ ဈေးသည်များကို မြှောက်ပေးတယ်။ သည်တော့ နေပြည်တော်ကစပြီး တောလက်ကျေးရွာမကြီးများအထိ ပျံ့နှံ့ကုန်တာပဲရှင်”

“နေပါစေလေ ... ဒါဟာ သဘာဝပေါ့ဗျာ။ အပျင်းပြေစရာပဲ”

“ရှင့်နှယ်ရှင် ...”

“ကြာတော့ ... သို့မဟုတ် ကဲသထက်ကဲလာတော့ ဝိုင်းပြီး

mgyoe.com

mgyoe.com


လုစားတာအထိ ဖြစ်လာရမယ်။ သည်တော့ လူစိမ်းတောက လူရမ်းကို ခေါင်တည်ထားကာ ဝိုင်းလုကြတော့ ထိန်းမနိုင်သိမ်းမရ ဖြစ်လာမယ်။ သည်တော့မှ သဘောတရားမှန်ရမယ်ဗျာ"

"ကျွန်မ ... ကျွန်မရဲ့ လူစုနှင့် ဘာလုပ်ရမယ်ဆိုတာကို နားလည်ပြီရှင်... သဘောပေါက်ပြီရှင် ...။ ဒါထက် ရှင်ဟာ ကျွန်မကိုလိုက်ရှာနေတာမဟုတ်လား"

"ဘာကြောင့် သည်လိုမေးသလဲဗျာ"

"အိမ်ရှေ့မင်း ... ခဲလူးမင်းထံ အရည်းတစ်ယောက်ကလာပြီး သူ့ဌေးဦးတောင်လုံးကို ကျွန်မက သတ်ပြီး ကျွန်မရှောင်တိမ်းနေတယ်လို့ ပြောတယ်မဟုတ်လား"

"မမကေကို ဘယ်သူကပြောသလဲ"

"ဘယ်သူပြောပြောလေ ...၊ ပြောတယ်မဟုတ်လား"

"ထားပါတော့ ..."

"ထားကို မထားရဘူး။ ပြောတယ်မဟုတ်လား"

"ပြောပါတယ် ..."

"ရှင် ... ခု ... ကျွန်မကိုတွေ့ပြီ။ ကျွန်မ ဘယ်မှာနေပြီး ဘယ်လို ကျက်စားတယ်ဆိုတာကို ရှင်သိရပြီ။ အဲသည်တော့ ... ရှင့်သခင် ခဲလူးထံပြန်ပြီး ရှင်သံတော်ဦးတင်ဖို့သာ လိုတော့တယ်။ သည်တော့ ဟော ကျွန်မက ရှင့်ထံ တံစိုးထိုးတော့မယ်ရှင်"

"ဘယ်လို ..."

"ကျွန်မကိုယ်ကိုကျွန်မ လူတံစိုးအဖြစ်နှင့်ထိုးမယ်ရှင်"

"ဟာ မမကေ။ မမကေလည်း မတော်မလျော်"

"ဘာလဲ ရှင်က ကျွန်မကို မနှစ်သက်ဘဲ ရွံရှာစက်ဆုပ်လို့လား"

"ခက်တယ်။ မမကေအမေးကို ကျွန်တော်ဖြေရန်မလို။ မမကေ

mgyoe.com

mgyoe.com


သတင်းကိုလည်း ကျွန်တော်ကဖြင့် ဘယ်ကိုမှမပွင့်"

"ရှင်ထိန်းထားရင် ရှင်သစ္စာမရှိတဲ့လူ ဖြစ်မှာပေါ့"

"ကျွန်တော်ကိုယ်တိုင်က မမကေဟာ ဦးတောင်လုံးကိုသတ်သူ၊ သေစေသူမဟုတ်ဟု အတပ်သိတယ်။ ဒါပေ့ မမကေဟာ ဘယ်မှာ ဘာလုပ်နေတယ်၊ မမကေ့ ပစ္စည်းဥစ္စာ ရတနာရွှေငွေ အရပ်ရပ်ကို ဘယ်လိုလုပ်ထားခဲ့တယ်လို့ သိချင်တာနှင့် ခဲလူးကိုယ်တော်ထံ အဖြူအနက်ကို ဘယ်လိုမှမထင်ဘဲ ကျွန်တော် ထွက်လာခဲ့တယ်"

"ရှင်က လူရော၊ ဥစ္စာပါ အပိုင်စီးပြီးသိမ်းချင်သပေါ့။ ဥစ္စာ ပစ္စည်း ရတနာရွှေငွေ ဆိုတာကို လူတိုင်းနှစ်သက်လို့ ထားပါတော့၊ ကျွန်မကို ရှင်က ချစ်စရာကောင်းမကလေးလို့ ထင်နိုင်ပါ့မလား"

"မမကေ ကျွန်တော့်ပါးကို တီးဗျာ"

"ဟောတော့ အပျိုလှည့်စကားကို ရှေ့ရပ်ပီပီ တီးပြီ"

"ဟာ ... မမကေ ... ဘယ်လိုဖောက်ပါလိမ့်မလဲ"

"သည်စကားမျိုးဟာ လူပျိုတစ်ယောက်က အပျိုတစ်ယောက်ထံမှာ အချစ်ဒူးထောက်တဲ့စကားဆိုတာကို ကျွန်မ နားလည်တယ် ...ရှင့်"

"ငအောင်သူဟာ ငရှုံးသူဖြစ်နေပြီ"

"ရှင့်ကို ကျွန်မက ရှင်းပြမယ်။ အဲသည်ရှင်းတဲ့စကားဟာ ခိုင်မာတဲ့ သက်သေတစ်ခုပဲ"

"ဟုတ်ကဲ့ ..."

"ဦးတောင်လုံးဟာ သားသမီးအမွေစားအမွေခံမဲ့ မုဆိုးဖို သူဌေးကြီးတစ်ယောက်နော်။ သူဌေးမှ ဘုရင့်သူဌေး"

"ဟုတ်ပါတယ်"

"သူနှင့်ကျွန်မဟာ ဘုရင့်ဘက်တော်သားစစ်စစ်နှင့် အရင်းရှင်၊ ငွေရှင်တို့က ခေါင်းပုံဖြတ်အဖြစ် အမြတ်ကြီးစားအဖြစ်နှင့် မပြုလုပ်နိုင်ရန်

mgyoe.com

mgyoe.com


တွဲပြီးတိုက်နေတာကို ရှင်သိတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲသည်တော့ ... အရည်းဂိုဏ်းဝင် အရည်းဒကာ တင်ကမော် တွေဟာ ရွှေပြည်တော်မှာ ဦးတောင်လုံးရဲ့ဒဏ်ကို မခံနိုင်ဘဲ အတော့်ကို အထိနာကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"သည်တော့ ... အရည်းများက ငတောင်လုံးဟာ မိကေသီ အင်္ကျီ ကျပ်ထဲမှာ ဝင်ပြီးခိုနေပြီလို့ ... သားပုပ်လေလွင့် လွင့်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"မိကေသီမတုန်လှုပ်၊ မိန်းမဆိုတာမျိုးစေ့ကိုက အခံဆိုတော့ ခံရမှာပဲလို့ သည်းခံကာ အခြေမပျက်ဆောင်ရွက်တယ်"

"ဒါပေ့ ဦးတောင်လုံးက သမီးသဖွယ်အောက်မေ့ပြီး ခပ်တိမ်း တိမ်းပဲနေတယ်"

"ဒါကိုတော့ ကျွန်တော်တို့မသိဘူး"

"သိစရာလည်း မလိုသေးဘူးပေါ့။ ဟော အရည်းများကိုင်း ထောင်ပြီ။ ဦးတောင်လုံးကို ရသာယနဆေးစကျွေးပြီ။ မုဆိုးဖိုဆိုတော့ မေထုန်သဘောကိုဆိုရင် ရောခနဲပေါ့။ တစ်နေ့မှာ ဝံသာဘိညာဏရဲ့ ကျောင်းမှာ အလည်မကလေးသုံးကောင်နှင့် လွှတ်ပေးတယ်။ အဘိုးကြီး ဘာခံနိုင်မလဲ၊ အားပြတ်ပြီ"

"သည်အခါမှာ ကောင်မကလေးသုံးကောင်က ဝံသာဘိညာဏ ရဲ့ကျောင်းမှ ညကြီးတွဲယူလာပြီး ကျွန်မရဲ့ အိမ်ရှေ့ဝင်းပေါက်ရောက်တော့ မှ နောက်ကို အတင်းတွန်းထိုးလုပ်ရာ လဲကျသွားပြီး ဦးတောင်လုံး အသက်သေရှာရတဲ့ပုံပဲ။ ဒါဟာ ကျွန်မ အယူအဆအတွေးပါ"

"ဩော် ..."

mgyoe.com

mgyoe.com


"ကျွန်မ အတပ်မပြောဘူးနော်။ ဖြစ်နိုင်လောက်၊ ဟုတ်မှန်လောက်တဲ့အကြောင်းကိုသာ ဒိဋ္ဌမြင်သိ သဘောကဲ့သို့ ပြောပြတာ"

"ဟုတ်ကဲ့"

"ဦးတောင်လုံးရဲ့အလောင်းကို သင်္ဂြိုဟ်ပြီးတော့ ဘုရင်မင်းမြတ်က ကော့ကိုမေးတယ်။ ဦးတောင်လုံးရဲ့ ကျန်ခဲ့တဲ့ပစ္စည်းဥစ္စာ ရတနာရွှေငွေ လယ်ယာမိုးမြေတို့ကို ဘယ်လိုလုပ်ရရင် ကောင်းမလဲလို့ မေးတော်မူတော့ အမွေစားအမွေခံမှ ကင်းနေတာပဲ။ ဘုရင့်ဘဏ္ဍာပေါ့ဆိုကာ တင်ခဲ့ပါတယ်"

"အင်း ..."

"အဲသည်ဘုရင့်ထံ မိကေတင်တဲ့ နေ့ နေ့လယ်မှာပင် ကျော့မေ၊ သူဇာ၊ သီတာတို့သုံးယောက်ဟာ ကျွန်မအိမ်လာပြီး ပေဖူးလွှာကလေးကို ပေးပါတယ်"

"သည်ပေဖူးလွှာက ဘာလဲဆိုရင် ကျွန်ုပ်သေသွားရင် ကျွန်ုပ်၏ ဥစ္စာပစ္စည်းရတနာရွှေငွေ၊ လယ်ယာမိုးမြေ ကျန်ခဲ့သည်တို့ကို သွားလေသူ သေနာပတိနန္ဒမိတ်၏ သမီး ကေသီရယူစေ"

"သြော် ... သည်ပေဖူးကို သူတို့က ဘယ်ကရသတဲ့လဲ"

"ဟုတ်တယ် ... ကျွန်မကလည်း ညည်းတို့ သည်ပေဖူးလွှာကို ဘယ်ကရခဲ့သလဲမေးတော့ .. ကျော့မေက ဦးတောင်လုံးရဲ့အသုဘကို လိုက်ပို့ပြီးအပြန်မှာ အမှုထမ်းတစ်ယောက်က ခင်ဗျားတို့ဗျာ ... သွားရင်း ဟန်လွှဲဆိုတာလို သည်ပေဖူးလွှာကို ဦးတောင်လုံးရဲ့ အိတ်ကပ်ထဲက ရပါတယ်၊ မမကေအား ပေးလိုက်ပါဆိုပြီး တစ်ဆင့်ကမ်းသွားပါတယ်။ ကျွန်မတို့လည်း ကနေ့မှာပဲ လာပေးပါတယ်။ သည်းခံပါလို့ ပြောသွားပါတယ်"

"အင်း ... အဲသည် ပေဖူးလွှာရှိသေးရဲ့လား"

mgyoe.com

mgyoe.com


"အိမ်မှာကျန်ခဲ့လို့ ရှိတန်ကောင်းပါရဲ့။ နားထောင်ဦးရှင့်"

"ဟုတ်ကဲ့"

"ဒါနှင့် ကျွန်မလည်း အားငယ်ငယ်နှင့် အမြတ်ကြီးစားများကို အားရှိသလောက် တွန်းလှဲနေတော့ ဦးတောင်လုံး သေသွားလို့ မကြာမတင်မိပဲ အရည်းများက သူ့ဒကာ ငွေရှင်များကို တောသို့ အနှံ့ဆင်းစေတယ်။ ဒါနှင့် ကျွန်မလည်း ရုပ်ဖျောက်ပြီး တောသို့တာပဲရှင်"

"မမကော့ ပစ္စည်းဥစ္စာတို့ကို ခေါင်ဖုရားထံ သွားမေးလေ"

"ခေါင်းပုံဖြတ် ငွေရှင်အမြတ်ကြီးစား သတ္တဝါတို့ကိုတော့ တွဲခေါ်လို့ ပါမှာမဟုတ်ဘူးဗျ။ တွန်းထိုးပစ်မှ သာယာမှာပဲ"

"ကျွန်မလည်း သဘောကျတယ်ရှင်။ ဒါကြောင့် ကျွန်မလည်း သည်လို ကျင့်သုံးနေထိုင်တာပဲ။ ရှင်လည်း ကျွန်မနှင့်အတူ တောပျော်ပြုပြီး နေပါလား"

ထိုအခါ အောင်သူသည် ကေသီ၏စကားကို မည်သို့မှ ပြန်မပြောဘဲ စဉ်းစားသကဲ့သို့ စိုပြည်တင့်ပသော တောရိပ်တောင်စွယ်များထံ သဘောသွားကို မေးသကဲ့သို့ ရှိနေလေ၏။ ကေသီသည် အကြည်ဆုံး၊ အပျော်ဆုံး၊ အရွှင်ဆုံးသော မျက်နှာနှင့် အောင်သူ့ကို စိုက်နေသကဲ့သို့ ရှိ၏။

ကေသီသည် တောတွင်းတွင် ခိုအောင်းကာ တောတွင်းစားကျက်ပြု၍ ငွေအင်အားနှင့် တိုက်ခိုက်ကာ ပြည်သူတို့၏ လယ်ယာချောင်းမြောင်းများကို သိမ်းယူရန် အားထုတ်နေသော အရည်း၏ လူစုငွေရှင်များ၊ အရည်းဆရာများ၏ ဝါဒသဘောအရ လိုက်လျောကျင့်သုံးနေသော အမြတ်ကြီးစားတို့ကို တွန်းထိုးပယ်ရှင်းကာ ကမ်းဖြူရွာမက မြတ်လေးအား အကူအညီပေးနေ၏။

ထိုမှတစ်ပါး ကိုသာစီးအား အကူအညီပေးနေ၏။

mgyoe.com